**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၁၂)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို(၂၀၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၃.၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ၁၂-၆-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ မြေယာစီမံခန့်ခွဲရေး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း၊ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေးစစ်ဆေးရန်။ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ မြို့နယ်ကိုယ်စားလှယ်ရုံးဖွင့်လှစ်ပွဲ။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်နှင့် ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်၊ တပ်မတော်သားကိုယ်စားလှယ် တာဝန်ထမ်းဆောင်ရန် တို့ဖြစ်ကြပါတယ်။

ယနေ့ ခွင့်ပန်ကြားသူ(၁၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာပန်ကြား တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦးဖြစ်၍ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ချောင်းဝကျေးရွာအုပ်စု၊ ချောင်းဝ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တွင် ဟောင်းနွမ်းပျက်စီးနေပြီး အန္တရာယ်ရှိနေသော ကျောင်းဆောင်ဟောင်းနေရာ၌ (၁၂၀'x ၃၀') RC တစ်ထပ်အဆောင်သစ် တစ်ဆောင်ကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အမီ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ချောင်းဝကျေးရွာအုပ်စု၊ ချောင်းဝအခြေခံပညာအထက်တန်း ကျောင်း(ခွဲ) တွင် ဟောင်းနွမ်းပျက်စီးနေပြီး အန္တရာယ်ရှိနေသော ကျောင်းဆောင်ဟောင်းနေရာ၌ (၁၂၀ x ၃၀)ပေ

RC တစ်ထပ် အဆောင်သစ် တစ်ဆောင်ကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အမီ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ဖြစ်ပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ရမ်းဗြဲမြို့နယ်၊ အ-ထ-က (ခွဲ) ချောင်းဝဟာ ချောင်းဝကျေးရွာအုပ်စုမှာရှိပြီးတော့ အနီးပတ်ဝန်းကျင်ရွာ (၈)ရွာကလာပြီးတော့ ပညာသင်နေတဲ့ ကျောင်းသူ၊ ကျောင်းသားများပညာသင်နေတဲ့ ကျောင်းဖြစ်ပါတယ်။ အဲဒီ အ.ထ.က (ခွဲ)မှာ (၁၂၀x ၃၀)ပေ RC တစ်ထပ် နှစ်ဆောင်၊ (၁၂၀x ၃၀)ပေသစ်သား နှစ်ထပ်ဆောင် တစ်ဆောင်နဲ့ (၉၀x ၃၀)ပေ သစ်သား တစ်ထပ်ဆောင် တစ်ဆောင်ရှိပါတယ်။ ကျောင်းသူ၊ ကျောင်းသား (၂၆၉)ဦးနဲ့ ဆရာ၊ ဆရာမ (၂၁)ဦး ပညာသင်ကြားနေတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။

အခုအခါမှာ အဲဒီကျောင်းကနေပြီးတော့ အန္တရာယ်ရှိကျောင်းဆောင်အဖြစ် ကျရောက်နေ ပါတယ်။ ဒီ အန္တရာယ်ရှိကျောင်းဆောင်အဖြစ် ကျရောက်နေတဲ့ ကျောင်းကတော့ (အလျား ၁၂၀ x အနံ ၃၀ x အမြင့် ၂၄) ပေ ရှိတဲ့ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီးတော့ ဒီကျောင်းကို ၁၉၈၀ က ပြည်သူလူထုကိုယ်တိုင် ဆောက်လုပ်ခဲ့တဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် တောင်းခံ အပ်ပါတယ်ရှင်။ ဒါကတော့ ဒီနေ့မနက်ကမှ ကျွန်မဆီကိုပို့လာတဲ့ အန္တရာယ်ရှိကျောင်း အခြေအနေ ဖြစ်ပါတယ်။ နောက် အခုမိုးရာသီဆိုလို့ရှိရင်ကျွန်မတို့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲဆိုလို့ရှိရင် မိုးအလွန် များတယ်။ အခု မိုးရွာသွန်း နေတဲ့ အခြေအနေမှာ ရိုက်ကူးလိုက်တဲ့၊ ဒုတိယ Slide ဆိုလို့ရှိရင် ၁၉၈၀ တုန်းက ပြည်သူလူထုထည့်ဝင်ငွေနဲ့ တည်ဆောက်ထားတဲ့ကျောင်းဖြစ်လို့ ဒီအချိန်အထိ ပျက်စီးနေတဲ့ အခြေအနေပါ။ ဒီကြားထဲမှာတော့ ပြည်ထောင်စုရန်ပုံငွေနဲ့ ထိန်းသိမ်းထားတာ မတွေ့ရပါဘူး။ ဒီလိုမျိုးတန်းတွေကို ထောက်ပြီးတော့မှ ကျောင်းသူ၊ ကျောင်းသားများ ပညာသင်နေကြတဲ့ အခြေအနေ ဖြစ်ပါတယ်။

ဆိုတော့ ကျွန်မတို့ ဒီကျောင်းဆိုတဲ့ဟာက ကျွန်မတို့ လူငယ်များရဲ့ ဒုတိယအိမ်ပါ။ ကျွန်မတို့ ရဲ့ဘဝ ငယ်ငယ်တုန်းက တော်တော်များများ၊ အချိန်တော်တော်များများကို ကျောင်းမှာပဲ ကုန်ဆုံးခဲ့ရ ပါတယ်။ ဒီကျောင်းဟာဆိုလို့ရှိရင် စာသင်တဲ့နေရာ ကျောင်းသူ၊ ကျောင်းသားများ ထိုင်ပြီးတော့ စာသင်တဲ့ နေရာ တစ်ခုမဟုတ်ဘဲနဲ့ နိုင်ငံ့အနာဂတ်များ ပထမဆုံးကစားရာနေရာ၊ ပထမဆုံးဗဟုသုတများ နိုင်ငံကိုတည်ဆောက်မယ့် Idea များ စပြီးတော့ မွေးဖွားရာနေရာပါ။ ဒီကျောင်းဟာဆိုလို့ရှိရင် ကျွန်မတို့ ကျောင်းသူ၊ ကျောင်းသားများအတွက် အလုံခြုံဆုံးဖြစ်ဖို့နဲ့ အန္တရာယ်ကို ကာကွယ်နိုင်တဲ့နေရာဖြစ်ဖို့ အရေးကြီးပါတယ်။

ဒါကြောင့် ဒီလိုမျိုး အန္တရာယ်ရှိကျောင်းတွေကို မြန်မာနိုင်ငံအနှံ့တွေ့ရတယ်။ အထူးသဖြင့် ကျွန်မတို့ ရခိုင်ပြည်နယ်မှာဆိုလို့ရှိရင် မူလတန်းကျောင်း(၂၉၂)ကျောင်း၊ အလယ်တန်းကျောင်း (၄၃) ကျောင်း၊ အထက်တန်းကျောင်း(၂၉)ကျောင်း၊ စုစုပေါင်း ရခိုင်ပြည်နယ်က အန္တရာယ်ရှိကျောင်းဆောင်

ပေါင်း ၂၀၁၆ ခုနှစ်ရဲ့ စာရင်းအရ (၃၆၄)ကျောင်းရှိပါတယ်။ ကျွန်မတို့နောက်မှာဆိုလို့ရှိရင် ဇရာဝတီတိုင်း တစ်တိုင်းပဲ ရှိပါတယ်။ (၅၁၀)ကျောင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းသူ၊ ကျောင်းသားများ ပညာသင်တဲ့နေရာမှာ အန္တရာယ် မဖြစ်ရလေအောင် အန္တရာယ်ရှိနေတဲ့ကျောင်းကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အမီ (၁၂၀ x ၃၀)ပေ RC တစ်ထပ်ဆောင်၊ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်း အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။(သြဘာသံများ)

အန္တရာယ်ရှိကျောင်းဆောင် အခြေအနေမြင်ကွင်းပုံ (၉)



အန္တရာယ်ရှိကျောင်းဆောင် အခြေအနေမြင်ကွင်းပုံ (၉-၁)



အန္တရာယ်ရှိကျောင်းဆောင် အခြေအနေမြင်ကွင်းပုံ (၈-၂)



**ဥက္ကဋ္ဌ**။　　။ မေးခွန်းနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။　　။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ရခိုင်ပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ထုမေ ရဲ့ မေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ချောင်းဝကျေးရွာအုပ်စု၊ ချောင်းဝအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ဟောင်းနွမ်းပျက်စီးနေပြီး အန္တရာယ်ရှိနေသော ကျောင်းဆောင်ဟောင်းနေရာ၌ (၁၂၀x ၃၀)ပေ RC တစ်ထပ် အဆောင်သစ် တစ်ဆောင်ကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အမီ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ ကိစ္စနဲ့ စပ်လျဉ်းလို့ ကျွန်တော် ရှင်းလင်း တင်ပြအပ်ပါတယ်။

ရှိသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပညာရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်အတွက် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင်ဆောက်လုပ်ခြင်းများ ဆောင်ရွက်ရန် ငွေကျပ်သိန်းပေါင်း(၂၉၇၀) ခွဲဝေပေးပြီးပါကြောင်း တင်ပြအပ်ပါတယ်။ ရမ်းဗြဲမြို့နယ်၊ ချောင်းဝကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ ကျောင်းဆောင်များအားဖြင့် (၄)ဆောင်ရှိပါတယ်။ (၁၂၀x ၃၀)ပေ၊ သွပ်မိုး အုတ်ညှပ်၊ တစ်ထပ်ဆောင် နှစ်ဆောင်၊ (၉၀ x ၃၀)ပေ၊

သွပ်မိုးပျဉ်ကာတစ်ထပ်ဆောင်တစ်ဆောင်နှင့် (၁၂၀'x ၃၀')၊ သွပ်မိုး အုတ်ညှပ် ပျဉ်ကာ နှစ်ထပ်ဆောင် တစ်ဆောင် ရှိပါတယ်။ အဲဒီအနက်မှ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ (၁၂၀ x ၃၀)ပေ၊ သွပ်မိုး အုတ်ညှပ် ပျဉ်ကာ နှစ်ထပ်ဆောင်ဟာ ၁၉၈၀ ခုနှစ်ကတည်းက စတင်တည်ဆောက် ထားတဲ့ အတွက် သက်တမ်းအားဖြင့် ကြာမြင့်နေခြင်း၊ အောက်ထပ်နံရံအကာအုတ်များ မကောင်းတော့ဘဲ သဘာဝ ဘေးဒဏ်ကို မခံနိုင်တဲ့အတွက် ယိုယွင်းပျက်စီးနေခြင်း၊ ပြတင်း၊ တံခါး၊ ကျည်းပေါင်၊ စကြို၊ လှေကားများ ပျက်စီးနေခြင်းတို့ကြောင့် အန္တရာယ်ရှိ ကျောင်းဆောင်အဖြစ် သတ်မှတ်ပြီးဖြစ်ပါတယ်။

ထိုကျောင်းရှိ ဒီကျောင်းဆောင်ဟာ ရပ်ရွာမှကိုယ်ထူကိုယ်ထဆောက်လုပ်ထားတဲ့ ကျောင်းဆောင်ဖြစ်ပြီး ယခုအခါ အန္တရာယ်ရှိကျောင်းဆောင်အဖြစ် သတ်မှတ်ပြီးဖြစ်သဖြင့် ဖျက်သိမ်းခွင့် ရရှိရေးဆောင်ရွက်နေပြီဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ လက်ရှိပညာသင်နှစ်မှာတော့ အဲဒီ တင်ပြပါ ကျောင်းမှာ ဆရာ၊ ဆရာမများအနေဖြင့် အထက်တန်းပြ(၄)ဦး၊ အလယ်တန်းပြ(၁၂)ဦး၊ မူလတန်းပြ (၅)ဦး စုစုပေါင်း (၂၁)ဦး ရှိပြီး၊ ကျောင်းသားဦးရေအဖြစ် မူလတန်းအဆင့်မှာ (၉၀)ဦး၊ အလယ်တန်း အဆင့်မှာ (၁၁၉)ဦး၊ အထက်တန်းအဆင့်တွင် (၃၂)ဦး၊ စုစုပေါင်း(၂၄၁)ဦး ရှိပြီး၊ ၎င်းတို့အတွက် စာသင်ခန်းဧရိယာ (၃၇၉၈)စတုရန်းပေ လိုအပ်ပါတယ်။ လောလောဆယ်အားဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းရန်ပုံငွေသတ်မှတ်ရာမှာ ထိုကျောင်းမှ အန္တရာယ်ရှိကျောင်းဆောင် မပါ စာသင်ဧရိယာလုံလောက်တဲ့အတွက် ဦးစားပေးအဆင့်တော့ မရှိခဲ့ပါဘူး။ ထို့အတွက် ၂၀၁၇-၂၀၁၈ မှာတော့ ဘဏ္ဍာငွေပါရှိခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။

ယခုနှစ်အတွင်းမှာတော့ တင်ပြပါ (၁၂၀ x ၃၀) ပေ ကျောင်းဆောင်ကို အန္တရာယ်ရှိ ကျောင်းဆောင်အဖြစ် ဖျက်သိမ်းခွင့် ဦးစွာဆောင်ရွက်ပါမယ်။ ဒီလာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်မှာ ဒီရန်ပုံငွေလျာထားပြီးတော့ (၁၂၀ x ၃၀) ပေ RC တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာ့ ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက် ၂၃-၂-၂၀၁၇ ရက်နေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက် ၇-၃-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကပေးပို့လာသောပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၅ - ၆ -၂၀၁၇ ရက် (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ ထောင်စုနှစ်ရည်မှန်းချက်(၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သော QUALITY EDUCATION အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေဘာသာရပ်အခန်း၌ "မျိုးဆက်ပွား ကျန်းမာရေး" "ပြည်သူ့နီတိ" "ဒီမိုကရေစီ"တို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက်သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း တင်သွင်းထားတဲ့ ထောင်စုနှစ်ရည်မှန်းချက် (၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သော QUALITY EDUCATION အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေ ဘာသာရပ်အခန်း၌ "မျိုးဆက်ပွားကျန်းမာရေး" "ပြည်သူ့နီတိ" "ဒီမိုကရေစီ" တို့ကို ဘာသာရပ်များ အဖြစ် မိတ်ဆက်သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇေ့တင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၈။**

**ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေ့တင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပဥ္စမပုံမှန်အစည်းအဝေး ပထမနေ့တွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း ၏ ထောင်စုနှစ်ရည်မှန်းချက်(၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သော QUALITY EDUCATION အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေဘာသာရပ်အခန်း၌ “မျိုးဆက်ပွားကျန်းမာရေး” “ပြည်သူ့နီတိ” “ဒီမိုကရေစီ” တို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက်သင်ကြားပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လူသားများကမ္ဘာမှာ ဆက်လက်အသက်ရှင်နေနိုင်ရေးအတွက် မျိုးဆက်ပွားခြင်းသည် မရှိမဖြစ် လိုအပ်ပါတယ်။ မျိုးဆက်ပွားရန်အတွက် မျိုးဆက်အင်္ဂါများကို မွေးကတည်းက အဖို၊ အမ ဟူ၍ ခွဲခြားမွေးထုတ်ပြီး ဖြစ်ပါတယ်။ မျိုးဆက်ပွားအင်္ဂါများ ကျန်းမာသန်စွမ်းစေရေး မွေးကတည်းက သန့်ရှင်းစွာ ထားဖို့လိုအပ်ပါတယ်။ မြန်မာ့လူ့အသိုင်းအဝိုင်းတွင်လည်း အဖိုအင်္ဂါ၊ အမအင်္ဂါများ၏ ခန္ဓာဗေဒ၊ ဇီဝဗေဒပုံများကို စာနှင့်တကွ ရှင်းပြရာ၌ မိဘများကိုလည်း ပညာပေးစည်းရုံးဖို့လည်း လိုအပ်ပါတယ်။ သို့မဟုတ်ပါက မိမိ၏ သားသမီး များကို ဆရာ၊ ဆရာမများက လိင်နှင့်ပတ်သက်၍ မဟုတ်တာတွေ သင်ပေးနေသည် ဟု အထင်အမြင်မှားနိုင်ပါတယ်။ ငယ်ငယ်ရွယ်ရွယ်ကတည်းက မျိုးပွားအင်္ဂါများ၏ တည်ဆောက်ပုံ၊ ဇီဝလုပ်ငန်းဆောင်တာများ ဆောင်ရန်၊ ရှောင်ရန်များကို သင်ပေးထားခြင်းအားဖြင့် အရွယ်ရောက်လာသည့်အခါ လူမှုရေးဖောက်ပြန်မှုများ၊ အစမွေလိင်ကျူးလွန်မှုများကို ကြိုတင်ကာကွယ်နိုင်မည် ဖြစ်ပါတယ်။

သင်ကြားပေးရမည့် အတန်းများကလည်း အလယ်တန်း၊ အထက်တန်း၊ ပညာရေးကောလိပ်တို့မှ ကျောင်းသူ၊ ကျောင်းသားများဖြစ်သည့်အတွက် အရွယ်ရောက်စ၊ အပျိုဖော်ဝင်စ အရွယ်များဖြစ်သည့်အားလျော်စွာ သင်ကြားရေးတွင်လွယ်ကူမှာ ဖြစ်ပါတယ်။ ကျောင်းသားအရွယ်ကတည်းက လိင်မှ ကူးစက်တတ်သော ဥပမာ SCD, HIV, AIDS စသည့် ရောဂါများအကြောင်း သိတတ်နားလည်နေပြီဖြစ်ပြီး နောင်လူကြီး ဖြစ်သည့်အခါတွင် ကျန်းမာရေးအသိပညာများသိရှိထားတဲ့ ရောဂါဝေဒနာများကို ကြိုတင်ကာကွယ်ပြီးသားဖြစ်နေမှာ သေချာပါတယ်။ ဒါကြောင့် မျိုးဆက်ပွားကျန်းမာရေးဟာ အလယ်တန်း၊ အထက်တန်းအဆင့်နှင့် ပညာရေးကောလိပ်ကျောင်းများတွင် မိတ်ဆက်သင်ကြားပေးရုံမျှမက လက်ခံကျင့်သုံးရန် လိုအပ်လှပါတယ်။

ထို့အပြင် ယနေ့လူငယ်၊ နောင်ဝယ်လူကြီး ဖြစ်ပြီး တိုင်းပြည်ရဲ့အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အတန်းပညာတစ်ခုတည်းကိုသာ

သင်ကြားတတ်မြောက်ခြင်းဖြင့် ပြည့်စုံမှုမရှိဘဲ ပြည်သူ့နီတိကို ကျွမ်းကျင်လိမ္မာဖို့ လိုအပ်လှသလို ဒီမိုကရေစီ၏ သဘောတရားများ၊ အနှစ်တရားတို့ကိုလည်း တစ်ပြိုင်နက်တည်း တတ်မြောက်စေဖို့ အလယ်တန်း၊ အထက်တန်းနှင့် ပညာရေးကောလိပ်များ၏ သင်ရိုးညွှန်းတမ်း အထွေထွေဘာသာရပ် အခန်း၌ ဘာသာရပ်တစ်ခုအဖြစ် ကနဦးမိတ်ဆက်သင်ကြားပေးပြီး လက်ခံကျင့်သုံးသွားရန် လိုအပ်မည် ဖြစ်ပါသည်။ ပြည်သူ့နီတိကို ကျွမ်းကျင်လိမ္မာခြင်းဖြင့် ဂုဏ်သတင်းနှင့် တည်ကြည်မှုတို့သည် အရာရာကို အဆုံးအဖြတ်ပေးနိုင်သလို မိမိဘာလုပ်မည်ဟု ပြောခဲ့သည့်အတိုင်း ဆုံးခန်းတိုင်အောင် လုပ်ပြနိုင်သည့်အပြင် အများယုံကြည်လက်ခံနိုင်မှုကို အပြောနဲ့အလုပ်သမိုင်းအပေါ်မူတည်ပြီး တည်ဆောက်နိုင်ခြင်း၊ အချိန်အကန့်အသတ်ဖြင့် လုပ်ကိုင်ပေးသော အလုပ်မျိုးတွင် အချိန်မီလုပ်ပြနိုင်စွမ်းရှိခြင်း၊ အရာရာကို ဂရုပြုမှုနှင့် တာဝန်ယူတတ်မှုကို ပြသရာရောက်စေခြင်း၊ လေးစားသမှု ဖော်ရွေစွာ ဆက်ဆံပြုမူ ဆောင်ရွက်တတ်ခြင်း၊ ဒီအပြင် အပိုတာဝန်ယူတတ်ခြင်း စသည့် အကျိုးတရားများ ရရှိစေမည် ဖြစ်သည်။ ဒီမိုကရေစီနှင့်ပတ်သက်၍လည်း အလယ်တန်းအဆင့်မှစ၍ တွေးခေါ်လက်ခံနိုင်သော အရွယ်များဖြစ်၍ ဒီမိုကရေစီကို မိတ်ဆက်သင်ကြားရန် လိုအပ်ပါသည်။

ဒီမိုကရေစီဆိုသည်မှာ အများကအုပ်ချုပ်ခြင်း၊ အများဆန္ဒဖြင့် အုပ်ချုပ်ခြင်း ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံကို ဖော်ဆောင်လျက်ရှိသော နိုင်ငံဖြစ်သည်နှင့်အညီ အလယ်တန်း၊ အထက်တန်း၊ ပညာရေးကောလိပ်ကျောင်းများတွင် သင်ရိုးညွှန်းတမ်း အထွေထွေဘာသာရပ်အခန်း၌ မျိုးဆက်ပွား ကျန်းမာရေး၊ ပြည်သူ့နီတိနှင့် ဒီမိုကရေစီဘာသာရပ်များအဖြစ် မိတ်ဆက်သင်ကြားပေးပြီး လက်ခံကျင့်သုံးတတ်စေရန် လိုအပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ဒေါက်တာတင်တင်ဝင်း ၏ ထောင်စုနှစ်ရည်မှန်းချက် (၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သော QUALITY EDUCATION အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေဘာသာရပ်အခန်း၌ မျိုးဆက်ပွားကျန်းမာရေး၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီတို့ကို ဘာသာရပ်များ အဖြစ် ဆက်လက်သင်ပေးရန်၊ လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခင်မောင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၂။**

**ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကော့သောင်းမြို့နယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် ယခု ဒေါက်တာတင်တင်ဝင်း ရဲ့ အဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကနေ့ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ဖို့ ဝိုင်းဝန်းကြိုးစားနေကြတဲ့ အချိန်ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီစနစ်ဆိုတာကလည်း ကျွန်တော်တို့အတွက် အထူးအဆန်းမဟုတ်သလို ကျွန်တော်တို့ နိုင်ငံလွတ်လပ်ရေး စတင်ရရှိပြီး ၁၉၄၈ ခုနှစ်ကနေ ၁၉၆၂ ခုနှစ်အထိ ကျင့်သုံးခဲ့တဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင်အာရှမှာ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး နိုင်ငံဖြစ်ခဲ့သလို ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း၊ တရားစီရင်မှု၊ တရားရေး ကဏ္ဍတွေမှာလည်း အထူးကို လေးစားစံပြုရတဲ့ နိုင်ငံဖြစ်ခဲ့ပါတယ်။ ဒါပေမယ်လို့ အကြောင်းမလှလို့ ကျွန်တော်တို့နိုင်ငံဟာ နှစ်ပေါင်း(၅၀)နီးပါး ဒီမိုကရေစီ ဆိတ်သုဥ်းပြီးတော့ အာဏာရှင်စနစ် အမျိုးမျိုးအောက်ကို ရောက်ခဲ့တဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာမှာ အဆင်းရဲဆုံးနိုင်ငံဆိုတာကို ၁၉၈၇ ခုနှစ်ထဲက စတင်ပြီး ယနေ့အချိန်အထိပါပဲ။ အစစအရာရာ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး နိမ့်ကျပြီးတဲ့အခါမှာ လူ့အခွင့်အရေးနဲ့ ပတ်သက်လို့လည်း အင်မတန်အားနည်းခဲ့သလို တရားဥပဒေ စိုးမိုးရေးတွေ နိမ့်ကျခဲ့တယ်။ မူးယစ်ဆေးဝါးပြဿနာတွေ ဖြစ်ခဲ့တယ်။ သယံဇာတတွေ ပြုန်းတီးပြီးတော့ သဘာဝဘေးအန္တရာယ်တွေကို ခံစားနေရတဲ့ နိုင်ငံဖြစ်ပါတယ်။

ကနေ့ကျွန်တော်တို့ ပြန်လည်တည်ဆောက်မယ့်အချိန်မှာ ဒီမိုကရေစီစနစ်ဖြင့် ကျွန်တော်တို့ နိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ထောင်ဖို့ဆိုရင် အခြေခံအုတ်မြစ်ဖြစ်တဲ့ တစ်ချိန်က ကျွန်တော်တို့ လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခဲ့တဲ့ ဒီမိုကရေစီစနစ်ရဲ့အကြောင်းကို မဖြစ်မနေ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတွေကို ငယ်စဥ်ကတည်းက လေ့ကျင့်သင်ကြားပေးဖို့ လိုအပ်ပါ တယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ ဒီ ဒီမိုကရေစီစနစ် ဆိုတာကလည်း တကယ့် လူသားဝါဒ ဖြစ်သလို လူကိုလူလိုကျင့်တဲ့ ဝါဒဖြစ်တယ်။ ဒါကြောင့် ဒီစနစ်ရဲ့ အခြေခံကျင့်စဥ်တရားတွေနဲ့ လေ့ကျင့် ပြုစုပျိုးထောင်ပေးဖို့ ကျွန်တော်တို့ သားငယ်၊ သမီးငယ်တွေကို အဆင့်အလိုက် သင်ကြားပေးဖို့ရာ အထူးကို အရေးကြီးသလို ဒီမိုကရေစီကျင့်စဥ်ရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုတွေ၊ တရားဥပဒေစိုးမိုးမှုတွေ ဒါတွေကို ကျွန်တော်တို့ တိတိကျကျ လေ့ကျင့်သင်ကြားပေးဖို့ လိုပါတယ်။

နောက်တစ်ချက်က ဒီမိုကရေစီစနစ်ရဲ့ အခြေခံဟာဆိုရင် ပြည်သူပြည်သားကောင်းတွေ အပေါ်မှာ မူတည်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့နီတိကို တစ်ချိန်က သင်ကြားခဲ့သလိုပဲ ယနေ့ ကျွန်တော်တို့သင်ကြားဖို့လိုအပ်ပါတယ်။ ကျွန်တော် အဓိကထောက်ပြချင်တဲ့အချက်ကတော့ ဒီစနစ်ကို သင်ကြားတဲ့အချိန်မှာ အဓိကပြောချင်တာကတော့ ဘာပြောချင်သလဲဆိုရင် ကျွန်တော်တို့ ပြည်ထောင်စု စိတ်ဓာတ်ရှိဖို့၊ မတူကွဲပြားခြားနားတဲ့ ဘာသာဓလေ့ ထုံးစံတွေနဲ့ ကျွန်တော်တို့ တိုင်းရင်းသားအသီးသီးရဲ့ ဓလေ့ထုံးစံတွေကို သိရှိနားလည်ပြီးတဲ့အခါကျရင် အတူတကွ ပူးပေါင်းနေထိုင်နိုင်တဲ့ ပြည်ထောင်စု စိတ်ဓာတ်ကို ကျွန်တော်တို့ရဲ့ သားငယ်၊ သမီးငယ်တွေကို အဆင့်အတန်းအလိုက် သင်ကိုသင်ကြားပေးဖို့ လိုအပ်ပါတယ်ခင်ဗျား။ နောက်တစ်ချက်ကတော့ တိုင်းပြည်ရဲ့ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတန်ဖိုးထားတဲ့ စိတ်ဓာတ်တွေကို ကျွန်တော်တို့ သင်ကြားပေးဖို့လိုပါတယ်။ သဘာဝ ပတ်ဝန်းကျင်တွေ ပျက်စီးရင် ကျွန်တော်တို့ ဘယ်လိုဖြစ်တယ်ဆိုတာလည်း လက်တွေ့ခံစားနေရသလို ဒီသဘာဝပတ်ဝန်းကျင်တွေကို ပြန်လည်ထိန်းသိမ်းပြီးတော့ ကျွန်တော်တို့ မျိုးဆက်တွေအတွက်

ပြန်လည်ပြီး ပြုစုပျိုးထောင်ပေးရမယ့် စိတ်ဓာတ်တွေရှိဖို့လိုသလို အားလုံးဟာ အပြန်အလှန်လေးစားမှုနဲ့ လုပ်ရမယ်။ ငါဆိုတဲ့ အတ္တတွေက နည်းပြီး အများအကျိုးကို ကြည့်တတ်တဲ့ စိတ်ဓာတ်နဲ့ တိုင်းပြည်ကို တည်ဆောက်ဖို့ လိုအပ်နေပါပြီ။

ဒါကြောင့် ကျွန်တော်နောက်ဆုံးပြောလိုတာကတော့ ပြည်သူ့နီတိနဲ့ ဒီမိုကရေစီဆိုတဲ့ အခြေခံသဘောတရားတွေကို ကျွန်တော်တို့ရဲ့ ပညာရေးစနစ်ကြီးထဲမှာ နိုင်ငံသားသယံဇာတအကောင်းတွေ၊ လူသားအရင်းအမြစ်တွေ တကယ့်ကောင်းမွန်တဲ့ နိုင်ငံ့သားကောင်းတွေ ဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးဖို့က အထူးအရေးကြီးကြောင်း ပြောကြားရင်း ဒေါက်တာတင်တင်ဝင်း ရဲ့ အဆိုကို လေးလေးနက်နက် လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်း ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၇။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေ အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး ဖြစ်ပါတယ်။ ကျွန်မကတော့ ဒေါက်တာဒေါ်တင်တင်ဝင်း ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နောက်ဆုံး ကောက်ယူခဲ့တဲ့ သန်းခေါင်စာရင်းစစ်တမ်းအရ လူဦးရေ (၅၁)သန်းမှာ အမျိုးသမီးလူဦးရေကဆိုလို့ရှိရင် (၅၁.၈)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဆိုလိုတာကတော့ စုစုပေါင်းလူဦးရေရဲ့ တစ်ဝက်ကျော်ဟာ အမျိုးသမီးဖြစ်ပြီးတော့ အဲဒီအထဲကမှ (၁၅)နှစ်မှ (၆၄)နှစ်အတွင်းဟာဆိုလို့ရှိရင် (၅၄.၉)ရာခိုင်နှုန်း ဖြစ်ပါတယ်။ မျိုးဆက်ပွားနိုင်တဲ့အရွယ်တွေ များပြားတဲ့အတွက်ကြောင့် မျိုးဆက်ပွားပညာရေး ပညာပေးမှုကို အထူးလိုအပ်တယ်ဆိုတာကို ထောက်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံမှာ အရင်ကနဲ့စာလို့ရှိရင် သက်ငယ်မုဒိမ်းမှုတွေ များပြားလာပါတယ်။ မလိုလားအပ်တဲ့ ကိုယ်ဝန် (Unwanted Pregnancy)တွေကြောင့် ကလေးဖျက်ချခြင်းတွေ၊ မိခင်ရော ကလေးပါ အသက်ဆုံးရှုံးရခြင်းတွေ၊ မွေးဖွားပြီး ကလေးငယ်တွေကို စွန့်ပစ်ရခြင်းဆိုတဲ့ ပြဿနာတွေကိုလည်း တွေ့နေရပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ် ကျန်းမာရေးစစ်တမ်းအရ သက်ငယ်ကိုယ်ဝန်ဆောင်မှုတွေဟာ အရင်နှစ်တွေထက် မြင့်တက်နေတာကိုလည်း တွေ့ရပါတယ်။ မျိုးဆက်ပွားကျန်းမာရေးဘာသာရပ်ကို ကျောင်းသင်ခန်းစာတွေမှာ သေချာသင်ကြားပေးခြင်းအားဖြင့် ပြဿနာတွေကို တော်တော်များများ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ဥပမာ ကလေးငယ်တွေရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို အခြားသူတွေ ကိုင်တွယ်ရန် မသင့်လျော်တဲ့ အင်္ဂါတွေဖြစ်ကြောင်းကို နားလည်စေခြင်းအားဖြင့် သက်ငယ်မုဒိမ်းမှုတွေကိုလည်း ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ တစ်ဖက်မှာ စောဒကတတက်စရာ အကြောင်းတွေကတော့ ကလေးတွေကို မျိုးဆက်ပွားကျန်းမာရေးဘာသာရပ်ကို သင်ပေးတာဟာ နည်းပေးလမ်းပြ လုပ်ရာမကျဘူးလားဆိုတဲ့ မေးခွန်းတွေလည်း မေးဖို့ရှိပါတယ်။

ဒါပေမဲ့ အခုခေတ်မှာ လူတိုင်းရဲ့ လက်ထဲမှာ ဖုန်းတွေရှိပါတယ်။ ကြည့်နိုင်တဲ့ ဗွီဒီယိုအမျိုးမျိုးတွေဟာလည်း မလိုလားအပ်တဲ့ ပြဿနာတွေကို လက်ယပ်ခေါ်နေပါတယ်။ မှန်ကန်တဲ့ မျိုးဆက်ပွားကျန်းမာရေးပညာရပ်ကို သိနားလည်ခြင်းအားဖြင့် ပြဿနာတွေကို ကာကွယ်ရန်သာဖြစ်ပါတယ်။

မသိနားမလည်ဘဲနဲ့ ကိုယ်ဝန်ရလာခြင်း၊ HIV, AIDS မှ ကာကွယ်နိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများကိုလည်း ရရှိနိုင်မှာ ဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါရှင်။ ဒါဟာဆိုလို့ရှိရင် မြန်မာနိုင်ငံရဲ့ လူဦးရေ၊ ဒီ ပိရမစ်ပုံကို ကြည့်ခြင်းအားဖြင့် လူငယ်လူဦးရေဟာ အင်မတန်မှ များပြားနေတယ်ဆိုတာကို တွေ့ရပါတယ်။ ဒါကတော့ ကျွန်မတို့ ဒီ ၂၀၁၄-၂၀၁၆ ခုနှစ် ကနေပြီးတော့ ၂၀၁၆ ခုနှစ်အထိ သက်ငယ်မုဒိမ်း ဖြစ်ပွားမှု ရာခိုင်နှုန်းတွေ ဖြစ်ပါတယ်။ ဒါဟာဆိုလို့ရှိရင် နှစ်အလိုက် အများကြီးကို တိုးတက်၊ မြင့်မားနေတယ်ဆိုတာကို တွေ့ရပါတယ်။ ၂၀၁၄ ခုနှစ်မှာ (၄၄)ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်မှာ (၄၆)ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်မှာဆိုလို့ရှိရင်(၆၂.၀၂) ရာခိုင်နှုန်း ဒါဟာ အင်မတန်မှ ကြောက်မက်ဖွယ်ရာကိန်းဂဏန်းတွေ ဖြစ်ပါတယ်။ ဒါကတော့ သက်ငယ်မုဒိမ်းဖြစ်ပွားတဲ့ တိုင်းဒေသကြီး အများဆုံး(၅)ခု ဖြစ်ပါတယ်။ အဲဒါတွေကတော့ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနဲ့ မကွေးတိုင်းတို့ ဖြစ်ပါတယ်။

ကျူးလွန်ခံခဲ့ရတဲ့ သူတွေရဲ့ အသက်အပိုင်းအခြားဟာ အင်မတန်မှ ငယ်ပါတယ်။ အသက် (၂)နှစ်မှ (၅)နှစ်အထိ ကလေးတွေလည်း ပါ ပါတယ်။ (၆)နှစ်မှ (၁၀)နှစ်အထိ၊ (၁၀)နှစ်မှ (၁၃)နှစ်အထိ၊ (၁၄)နှစ်ကနေ (၁၆)နှစ်အထိ အဲဒီအထဲမှာဆိုလို့ရှိရင်တော့ လူငယ်ပေါ့နော်၊ (၁၄)နှစ်ကနေ (၁၆)နှစ်အထိက များပြားပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့ကျောင်းတွေမှာ ဒါတွေကိုကာကွယ်ဖို့အတွက် ဒီ မျိုးဆက်ပွားကျန်းမာရေးဘာသာရပ်ကို သင်ကြားသင့်ပါတယ်။ ဒါဟာဆိုလို့ရှိရင် ကမ္ဘာပေါ်မှာ အမျိုးသမီး(၃)ယောက်မှာ (၁)ဦးဟာ မလိုလားအပ်တဲ့ ကိုယ်ဝန်တွေကို ဖျက်ချနေရတယ်ဆိုတာကို ကိန်းဂဏန်းတွေအရ တွေ့ရှိရခြင်း ဖြစ်ပါတယ်။ ဒါဟာဆိုလို့ရှိရင် နိုင်ငံတကာမှာ မျိုးဆက်ပွားကျန်းမာရေး ပညာပေးလုပ်ငန်းများကို လုပ်ကိုင်နေတာဖြစ်ပါတယ်။ အဲဒါ အစိုးရကနေပြီးတော့ နေရာတကာမှာ မလုပ်နိုင်တဲ့အတွက်ကြောင့် ဘတ်ဂျက်တွေကို လူမှုအဖွဲ့အစည်းတွေကို ချပေးပြီးတော့ လူမှုအဖွဲ့အစည်းတွေက လူငယ်တွေအတွက် လုပ်ဆောင်နေတဲ့ အစီအစဉ်တွေဖြစ်ပါတယ်။ ဒါကတော့ မျိုးဆက်ပွားကျန်းမာရေးဟာ လူငယ်ရဲ့အခွင့်အရေးဖြစ်တယ်ဆိုတာကို ဖော်ပြထားတာဖြစ်ပါတယ်။ ဒီ မျိုးဆက်ပွားကျန်းမာရေး ဘာသာရပ်ဟာဆိုရင် လူငယ်တွေရဲ့ စောင့်ထိန်းမှုကိုပါ၊ စာရိတ္တကိုပါ မြှင့်တင်ပေးဖို့ဆိုပြီးတော့ ဒီလိုပုံစံတွေနဲ့လည်း လုပ်တယ်ဆိုတာကို နိုင်ငံတကာမှာ လုပ်ကိုင်တဲ့ပုံစံတွေကို ပြသခြင်းဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်မတို့ မျိုးဆက်ပွားကျန်းမာရေးပညာကို ကျောင်းတွေမှာ သင်ကြားပေးခြင်းအားဖြင့် ကျား၊ မ ဖြစ်မှုနဲ့ တန်းတူမှုကို ငယ်စဉ်ကတည်းက နားလည်လက်ခံနိုင်မယ်။ ကျား၊ မ လေးစား အသိအမှတ်ပြုမှုကို လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် အရွယ်ရောက်တဲ့အခါမှာ ကျား၊ မ အခြေပြုအကြမ်းဖက်မှုကိုလည်း ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ အဲဒါမှ အရွယ်မရောက်ခင်မှာ လမ်းမှားကို မရောက်ဘဲနဲ့ ပညာစုံလင်စွာ တတ်မြောက်ပြီးတော့ တိုင်းပြည်တာဝန်များကို ထမ်းဆောင်တဲ့ လူငယ်တွေကို မွေးထုတ်နိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် ဒေါက်တာတင်တင်ဝင်း ရဲ့ အဆိုဖြစ်တဲ့

ထောင်စုနှစ်ရည်မှန်းချက် (၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သော QUALITY EDUCATION ကို ကျွန်မ ထောက်ခံပြီးတော့ ဆွေးနွေးသွားတာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ် အောက်တိုဘာလအထိ သက်ငယ်မုဒိမ်းဖြစ်ပွားမှုနှုန်းပြဇယားပုံ (ဈ)


**နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ် အောက်တိုဘာလအထိ သက်ငယ်မုဒိမ်း ဖြစ်ပွားမှုရာနှုန်း**

| စဉ် | ခုနှစ် | မုဒိမ်းမှုပေါင်း | သက်ငယ်မုဒိမ်းမှု | ဖြစ်ပွားမှုရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂၀၁၄ | ၇၅၆ | ၃၃၄ | ၄၄.၁၇% | |
| ၂ | ၂၀၁၅ | ၆၈၂ | ၃၁၆ | ၄၆.၃၃% | |
| ၃ | ၂၀၁၆ | ၈၆၁ | ၅၃၄ | ၆၂.၀၂% | |
| စုစုပေါင်း | | ၂၂၉၉ | ၁၁၈၄ | | |

မျိုးဆက်ပွား ကျန်းမာရေး = လူငယ့်အခွင့်အရေးပြထား ပုံများ (ဈ-၁)



လူပျို၊ အပျိုစင်ဘဝကို ထိန်းသိမ်းခြင်းဆိုင်ရာ ပညာပေးခြင်းလုပ်ငန်းများပြပုံများ (ရှု-၂)




**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၃။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံးမင်္ဂလာပါ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း ရဲ့ အဆိုကို ကျွန်တော်ရှေ့မှ ကိုယ်စားလှယ်များကလည်း စာတွေ၊ ပေတွေ၊ အထောက်အထားတွေနဲ့ ပြည့်ပြည့်စုံစုံ ထောက်ခံဆွေးနွေး အကြံပြုသွားကြပါပြီ။ ကျွန်တော်အနေဖြင့်လည်း ကျွန်တော်ဖြတ်သန်းကြုံတွေ့ သင်ယူမှတ်သားခဲ့ရတဲ့ ဘဝအတွေ့အကြုံ တစ်စိတ်တစ်ဒေသဖြင့် ကျွန်တော် ဆက်စပ်တွေးခေါ် တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ (၂)လခန့်က ကျွန်တော်တို့ မကွေးမြို့မှာ ၂-၄-၂၀၁၇ ရက်နေ့ ည(၁၀)နာရီအချိန်မှာ KTV တစ်ခု မီးလောင်ပါတယ်။ လူ (၁၅)အပေါင်း(၁) (၁၆)ဦး မီးလောင်သေဆုံးလို့ တစ်နိုင်ငံလုံး ဟိုးဟိုးကျော်ဖြစ်သွားခဲ့ရတဲ့ ဖြစ်စဉ်ပါ။ အဲဒီဖြစ်စဉ်ကြောင့် ကျွန်တော်တို့ နယ်ကိုခရီးအတူတူသွားရတဲ့ ငါးလုပ်ငန်းဦးစီးမှူး တစ်ယောက်က ပြောလာပါတယ်။ KTV မီးလောင်လို့ ဆလားဗီးယားငါးဈေးကျတယ်လို့ ပြောလာပါတယ်။ ညောင်ဦးကမ်းပါးပြိုတာနဲ့ စမ္ဗာနဂိုရ်က နွားမပေါင်ကျိုးတာ ဘာဆိုင်လို့လဲလို့ ကျွန်တော်မေးခဲ့တဲ့ အခါ KTV မီးလောင်လို့ ကျန်တဲ့ မကွေးမှာ ဖွင့်တဲ့ KTV အားလုံး အစိုးရက ပိတ်ပင်တားဆီးတော့ KTV အားလုံးမှာ ငါးကင်အဖြစ် စားသုံးတဲ့ ဆလားဗီးယားငါး ဝယ်သူနည်းသွားပြီးတော့ ဈေးကျခြင်း ဖြစ်ပါတယ်လို့ ဆက်စပ်ပြောဆိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုပါပဲ။ ကျွန်တော်တို့နိုင်ငံမှာ ငါမှငါဆိုတဲ့ အတ္တလွှမ်းမိုးတဲ့ အာဏာရှင်စနစ်ကြောင့် မောဟမီးတွေ လောင်ကျွမ်းတော့ အမုန်းဆိုတဲ့စကား လေသံတောင်မကြားချင်ဘူး ဆိုတဲ့ စာသားလိုပါပဲ။ ဒီမိုကရေစီဆိုတာ ဟတောင်မဟရဲကြပါဘူး။ ပြည်သူ့နီတိအကြောင်းလည်း မသင်ကြရတော့ပါဘူး။ အဲဒီလို အစိုးရက တားဆီးပိတ်ပင်မှုတွေကြောင့် နား၊ မျက်စိ၊ ပါးစပ်တွေ မရှင်သန်နိုင်တော့ပါဘူး။ မိမိရဲ့ ဦးနှောက်ကိုလည်း သုံးခွင့်မရတော့ပါဘူး။ ဉာဏ်အမြော်အမြင်ကလည်း နည်းပါးလာတယ်၊ အသိစိတ်တွေကလည်းနည်း၊ အကျင့်စာရိတ္တကလည်း ပျက်စီးယိုယွင်းလာပြီးတော့ ကိုယ်ချင်းစာစိတ်လည်း မရှိတော့ပါဘူး။ ခုတ်မယ်၊ ထစ်မယ်၊ ပါးပါးလှီးမယ်ဖြစ်ကုန်ကြ၊ ဇာတ်တူသားလည်း စားကုန်ကြပြီ၊ သက်ငယ်မုဒိမ်းမှုကလည်းများ၊ အဖေနဲ့သမီး၊ မောင်နှင့်နှမ ဇာတ်လမ်းစုံခင်းတာ ကြားနေရတော့ ကျွန်တော်တို့ နိုင်ငံရဲ့လူ့ဂုဏ်သိက္ခာ၊ လူ့တန်ဖိုးတွေ ကျဆင်းခဲ့ရတာ အားလုံးအသိပါပဲ။ ဒါကြောင့် လူ့ဂုဏ်သိက္ခာ၊ လူ့တန်ဖိုးမြှင့်တင်ဖို့ ဒီမိုကရေစီနဲ့ ပြည်သူ့နီတိ ဘယ်လိုအခန်းကဏ္ဍပဲ သင်သင် ပြဋ္ဌာန်းဆောင်ရွက်နိုင်ဖို့အရေး၊ ပြဋ္ဌာန်းပြီးသားကိုလည်း လက်တွေ့ကျင့်သုံးနိုင်ဖို့အရေး ကျွန်တော့်အနေနဲ့ လှိုက်လှိုက်လှဲလှဲ ဆွေးနွေးထောက်ခံအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် လွှတ်တော်ထဲရောက်လို့ ဆွေးနွေးတာလည်း မဟုတ်ပါဘူး။ ၂၀၁၁ ခုနှစ် သင်ကြားခွင့် ရပြီဆိုကတည်းက မကွေးမြို့လုံးဆိုင်ရာ ယဉ်ကျေးလိမ္မာသင်တန်း ကလေး(၁၀၀၀)ကျော် (၅)နှစ်ဆက်တိုက် ကျွန်တော်ဦးစီးဆောင်ရွက်ပြီးတော့ ရွှေဥမင်ဆရာတော် ဆုံးမစာဖြစ်တဲ့ ကလေး၊ ကလေး အထင်မသေးနဲ့ ကလေးက လူကြီးဖြစ်တာ ကလေးကောင်းမှ လူကြီးကောင်းမှာ ဆိုသလို ကလေးများအတွက် စွမ်းနိုင်သလောက် ကျွန်တော် ဆောင်ရွက်ခဲ့ပါတယ်။ ယနေ့အချိန်အခါမှာလည်း မိမိမဲဆန္ဒနယ်မြေရောက်လို့ ပထမဦးဆုံး ကျောင်းဖွင့်ပါက ကျွန်တော်ကျောင်းကို အရင်သွားပါတယ်။ ဥပမာတစ်ခု၊ ကလေးတွေကို ကျွန်တော် ကျန်းမာရေးနဲ့ ပတ်သက်ရင် လက်သည်း ရှည်သလား ကြည့်ပြီးတော့ သွားကြားထိုးတံနဲ့ မင်းလက်သည်းက သွားကြားထိုးတံလေးနဲ့ထိုးပြီး စားမှာလား မေးပြီးကာမှ လက်သည်းအရှည်မထားသင့်တဲ့အကြောင်း၊ မင်းအခုလို မစားပေမယ်လို့ ထမင်းစားတဲ့အခါမှာ အရည်ပျော်ပြီး မိမိရဲ့ ဝမ်းဗိုက်ထဲ ရောက်တဲ့အကြောင်း ကျွန်တော်ရှင်းပြပါတယ်။ အဲဒီလိုပါပဲ ကိုယ်ကျင့်တရားနဲ့ ပတ်သက်လာရင်လည်း အေး သူများပစ္စည်းလည်း မခိုးရဘူးကွ၊ မိမိပစ္စည်းလည်းမခိုးရဘူး။ နိုင်ငံတော်ပစ္စည်းလည်းမခိုးရဘူးဆိုပြီး သင်ပေးခဲ့သလိုပါပဲ၊ ပညာရေးဆိုလည်း လက်နှစ်ဖက် မွေးရာပါ မပါတဲ့ (၁၀)တန်းအောင်တဲ့၊ နော်ဒါးခူဆိုတဲ့ မိန်းကလေးဓာတ်ပုံပြပြီး၊ သူတောင် လက်မပါဘဲကြိုးစားရင် မင်းတို့ကြိုးစားရမယ်ဆိုတဲ့အကြောင်း ကျွန်တော် လက်တွေ့ဆောင်ရွက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဌေး တင်ပြခဲ့သလိုပါပဲ ဘဝတွက်တာကျွမ်းကျင်စရာ အဋ္ဌမတန်းသင်ရိုးတို့ နဝမတန်းသင်ရိုး ကျောင်းသားကိုင်တွေမှာ ကျွန်တော်တို့အားလုံး မျိုးဆက်ပွားကျန်းမာရေးအခန်းကဏ္ဍမှာ နည်းနည်းများ ကိုယ့်ဝေ့ထုံးတမ်းအစဉ်အလာနဲ့ ကွာဟနေမလားဆိုတာ အဲဒါလည်း မှန်ပါတယ်။ သို့သော်လည်း ကျိုးကြောင်းပြ ဆက်စပ်တွေးခေါ် သင်ကြားပေးမယ်ဆိုရင်တော့ ဖြစ်နိုင်ပါတယ်။ သို့သော် ပြဋ္ဌာန်းစာအုပ်တွေက ကျောင်းသားကိုင်၊ ဆရာကိုင် ကိုင်ရုံပဲ ထားမှာလား။ ဆက်စပ်ကျိုးကြောင်းပြနိုင်ရင် ဥပမာ မူလတန်း

ကလေးအရွယ်ဆိုရင် လူ့ခန္ဓာကိုယ်မှာ အပေါက်ဘယ်နှစ်ပေါက် ပါသလဲကွ၊ နားက (၂)ပေါက်၊ မျက်စိက (၂)ပေါက်၊ နှာခေါင်းက (၂)ပေါက်၊ ပါးစပ်က (၁)ပေါက်၊ ရှူးရှူးပေါက်တာက (၁)ပေါက်၊ အီးအီးပါတာက (၁)ပေါက်၊ စုစုပေါင်း (၉)ပေါက်ရှိတဲ့အကြောင်း ဆိုပြီးတော့ ကလေးအရွယ်ကို တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း မြှင့်တက်ပြီးတော့ ကျိုးကြောင်းဆက်နွယ် သင်ကြားပေးရင် သူတို့ဘဝ၊ သူတို့ကိုယ်တိုင် လုံခြုံအောင်ကာကွယ်တတ်ကြပါလိမ့်မယ်။ ကျွန်တော်တို့ အလယ်တန်းအဆင့်မှာ သင်ကြားခဲ့ရတဲ့ ဦးဖိုးကျား ဘုရားဖူးသွားခြင်း ဆောင်းပါးမှာ ဘုရားဖူးသွားခြင်းထက် ဘုရားစကား နားထောင်ခြင်းက ပို၍မြတ်၏ ဆိုသကဲ့သို့ စာအုပ်ထဲမှာ ရှိနေခြင်းထက် လက်တွေ့လက်ခံကျင့်သုံး သင်ကြားခြင်းက ပို၍ကောင်းပါလိမ့်မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူလတန်းအဆင့် ပြည်သူ့နီတိဆိုပြီး ကျောင်းသုံးစာမှာ အခြေခံပညာ သင်ရိုးညွှန်းတမ်းမှာလည်း ပြဋ္ဌာန်းထားပြီး ဖြစ်ကြောင်းကိုလည်း တွေ့ရပါတယ်။ ပညာရေးစနစ်ကို လည်း ကျွန်တော်တို့ ရမှတ်စနစ်ထက်၊ ရလဒ်စနစ်ကို ပြဋ္ဌာန်းဆောင်ရွက်နိုင်မှသာ အသက်ဝင်လာပါ လိမ့်မယ်။ ကျွန်တော်တို့ ငယ်ငယ်က မူလတန်းအရွယ် ငှက်ပျောခွံ သင့်မြတ်ခြင်း အကျိုးဆိုတဲ့ ခေါင်းစဉ်နဲ့ သင်ရိုးများအတိုင်း ဆက်စပ်တွေးခေါ် ဆောင်ရွက်ကြမည်ဆိုလျှင် ကျွန်တော်တို့ နိုင်ငံမှာ ယခုလို အနေအထားမျိုး ရောက်ခဲ့မှာမဟုတ်ပါဘူး။ ငှက်ပျောခွံပစ်တဲ့ကိစ္စကြောင့် ကလေးတစ်ယောက် ဒုက္ခရောက်ပြန်ပြီဆိုတဲ့ စကားလိုပါပဲ။ ကိုယ့်ကြောင့်၊ ငှက်ပျောခွံကြောင့် တခြားသူမှာ လဲပြီးတော့ လက်ကျိုးခဲ့ရတယ်။ ထိုနည်းလည်းကောင်းပဲ ခြသေ့်နဲ့ တောဝက် ရေလုပြီး သတ်ပုတ်ကြလို့ သေခဲ့ရင် စားဖို့ လင်းတတွေက စောင့်နေတာ သိသွားတော့ သင့်မြတ်သွားကြကြောင်း တစ်နည်းအားဖြင့် ငြိမ်းချမ်းရေး ရသွားတာပါပဲ။ ယခု ကျွန်တော်တို့ အချင်းချင်း အခင်းဖြစ်နေကြတော့ ဟိုတစ်ဖက်က ဆရာကြီးတွေက လင်းတလိုမဟုတ်ဘဲ ကျီးကန်းလိုပဲ သစ်ကို အလစ်သုတ်လိုက်၊ ကျောက်ကို အလစ်သုတ်လိုက်၊ ဂတ်(စ်)ကို အလစ်သုတ်လိုက်၊ မြစ်ကိုလည်း ချိုမလို့ လုပ်တာပါပဲ။ ငြိမ်းချမ်းရေးသင့်မြတ်ရေးသာရှိခဲ့ရင် ဒီပြဿနာတွေ ဖြစ်မလာနိုင်ပါဘူး။

ဒါကြောင့် ကျွန်တော်တို့ အဲဒီလို ဆက်စပ်တင်ပြတတ်ဖို့ ဆရာ၊ ဆရာမတွေ ကိုယ်ပိုင် အရည် အချင်းရှိဖို့လည်း လိုအပ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြပါတယ်။ အချုပ်အားဖြင့် ကျွန်တော် လည်း ဒီမိုကရေစီ မသင်ခဲ့ရပါဘူး။ ကျွန်တော့်သမီးလည်း မသင်ခဲ့ရပါဘူး။ အခု လက်ရှိ (၅)နှစ် ကျွန်တော့်သမီး၊ မြေးလေးအရွယ်တော့ အားလုံးပဲ၊ ကျွန်တော့်မြေးလို ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ သားသမီး၊ မြေး၊ မြစ်များအားလုံး ပြည်သူ့နီတိတွေသင် လက်ခံကျင့်သုံးပြီးတော့ ဒီမိုကရေစီလမ်း လျှောက်နိုင်အောင် လျှောက်တတ်အောင်၊ အားလုံးကြိုးစား ဆောင်ရွက်ပေးကြပါ၊ ကြိုးစားဆောင်ရွက် နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဒေါက်တာတင်တင်ဝင်း ရဲ့ အဆိုကို ကျွန်တော့်အနေဖြင့် ထောက်ခံ ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၉။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအာလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ ဒီမိုကရေစီကို ကျောင်းမှာ မိတ်ဆက်သင်ပေးရန်နှင့် လက်ခံကျင့်သုံးရန် ဆိုတဲ့ အပိုင်းကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံ ဒီမိုကရေစီနိုင်ငံ ဖြစ်လာရန်နှင့် ဒီမိုကရေစီ တည်တံ့ခိုင်မြဲရန် အတွက်ဆိုရင် ငယ်စဉ်ကတည်းက ဒီမိုကရေစီကို သိရှိနားလည်ပြီး ကျင့်သုံးမှ ဖြစ်လာမှာ ဖြစ်ပါတယ်။ ဒီလိုအားဖြင့် ပြည်သူတစ်ရပ်လုံးက သိရှိကျင့်သုံးမယ်ဆိုရင် အာဏာရှင်စနစ်လည်း မည်သည့်အချိန် မှာမှ ရှိတော့မှာမဟုတ်ပါဘူး။ အာဏာသိမ်းမှုလည်း ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ပါဘူး။ အကယ်၍ ရှိရင်တောင်မှ ပြည်သူအားလုံးက လက်ခံတော့မှာ မဟုတ်ပါဘူး။ ဥပမာ တူရကီနိုင်ငံမှာ အာဏာ သိမ်းဖို့ ကြိုးစားလာတဲ့အချိန်မှာ ပြည်သူအားလုံးက လက်မခံတော့ မအောင်မြင်ခဲ့ပါဘူး။ ငယ်စဉ် ကတည်းက ဒီမိုကရေစီစနစ်ကို ကျင့်သုံးမှသာ ကျွန်တော်တို့ စနစ်တွေအားလုံးမှာလည်း ပီပြင်လာမှာ ဖြစ်ပါတယ်။ အခုကတော့ အဖွဲ့အစည်းတွေက မူဝါဒတွေကို မိုးပျံအောင် ရေးနေကြသော်လည်း ကျင့်သုံးတဲ့နေရာမှာ အားနည်းနေတာကို လေ့လာတွေ့ရှိရပါတယ်။

ဘာကြောင့်လဲဆိုတော့ အာဏာရှင်စနစ်ကို ကျွန်တော်တို့ နေသားကျနေလို့ ဒီလိုဖြစ်လာတာ ဖြစ်ပါတယ်။ ဖိနှိပ်မှုမှာလည်း ကျွန်တော်တို့ နေသားကျလာတော့ အကျင့်ပါနေတာဖြစ်ပါတယ်။ ဒီမိုကရေစီမှာ Rights and Responsibilities ဆိုတာရှိပါတယ်။ ငယ်စဉ်ကတည်းက ဒီမိုကရေစီစနစ်ကို ကျင့်သုံးမယ်ဆိုရင် ဒီမိုကရေစီမကျတဲ့ လုပ်ရပ်တွေရှိလာရင်လည်း ပေါက်ကွဲလာကြပြီးတော့ အောင်မြင်မှာ မဟုတ်ပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီဖြစ်လာရန်နှင့် တည်တံ့ ခိုင်မြဲရန်ဆိုရင် ကျွန်တော်တို့ ငယ်စဉ်ကတည်းကနေ ဒီမိုကရေစီစနစ်ကို သင်ပေးပြီးတော့ ကျင့်သုံးမှ ဖြစ်လာမှာ ဖြစ်ပါတယ်။ တိုးတက်တဲ့နိုင်ငံတွေ၊ အမေရိကန်လိုနိုင်ငံမှာလည်း လေ့လာတဲ့ အချိန်မှာ၊ ကျောင်းမှာ ဒီမိုကရေစီစနစ်နဲ့ သူတို့ရဲ့ အခြေခံဥပဒေကို သင်ကြားပေးတာဖြစ်ပါတယ်။ ငယ်စဉ်ကတည်းကနေ ဒီလိုသင်ကြားလေ့ကျင့်ပြီးတော့ ဒီလိုပဲ ကျင့်နေတဲ့အချိန်ကျတော့ မည်သည့် အာဏာရှင်စနစ်မှမရှိနိုင် ပါဘူး။ ဘယ်နေရာမှာမဆို ဒီလိုအာဏာရှင်စနစ် ရှိလာမယ့်အလားအလာရှိရင်လည်း အားလုံးက လက်မခံတော့ မအောင်မြင်ပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီနိုင်ငံဖြစ်လာရန်နှင့် ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီစနစ် တည်တံ့ခိုင်မြဲရန်ဆိုရင် ငယ်စဉ်ကတည်းကနေ ကျွန်တော်တို့ ကျောင်းမှာ သင်ကြားလေ့ကျင့်ပေးပြီးတော့ သိရှိနားလည်မှ ဖြစ်မှာ ဖြစ်ပါတယ်။

အဲဒါကြောင့် အဆိုရှင်ရဲ့ အဆိုဖြစ်တဲ့ ဒီ ထောင်စုနှစ်ရည်မှန်းချက် (၁၇)ချက် စတုတ္ထချက် ဖြစ်သော QUALITY EDUCATION အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့်

အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေဘာသာရပ်အခန်း၌ မျိုးဆက်ပွား ကျန်းမာရေး၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီတို့ကို ဘာသာရပ်အဖြစ် မိတ်ဆက်သင်ပေးရုံမျှမက လက်ခံ ကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်းအဆိုကို ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၄၂။**

**ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို ဂါရဝပြု နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဒေါက်တာတင်တင်ဝင်း ရဲ့ အဆို(၃)ခုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမအချက်အနေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မျိုးဆက်ပွားကျန်းမာရေး အသိတရားဟာ အလွန်နိမ့်ကျနေတာကို တွေ့ရပါတယ်။ ဆယ်ကျော်သက်အရွယ် လူငယ်တွေမှာ ဒီအသိတရားဟာ ကင်းမဲ့သလောက်နီးပါး ဖြစ်နေတာကို ဝမ်းနည်းဖွယ် တွေ့ရပါတယ်။ အဲဒါကြောင့်လည်းပဲ လူငယ်တွေ ကြားမှာ မဖြစ်သင့်၊ မဖြစ်အပ်တဲ့၊ မလိုလားအပ်တဲ့ ကိုယ်ဝန်ရှိခြင်း၊ ကိုယ်ဝန်ဖျက်ချလို့ ကျန်းမာရေး ထိခိုက်ခြင်း၊ တချို့ဆိုရင် အသက်ပါဆုံးရှုံးခြင်း၊ မိမိရဲ့ အနာဂတ်ဘဝပျောက်ဆုံးသွားခြင်း၊ ပညာကို ဆုံးခန်းတိုင် မသင်ကြားနိုင်တော့ခြင်း စတဲ့ နစ်နာဆုံးရှုံးမှုများကို ကြုံတွေ့ကြရပါတယ်။

အဲဒါကြောင့်မို့လို့ မျိုးဆက်ပွားကျန်းမာရေးကို အမြင်ဖွင့် ပညာပေးသဘောနဲ့ ကျောင်းတွေ မှာ သင်ကြားပေးသင့်တယ်လို့ ယူဆပါတယ်။ ဘယ်အတိုင်းအတာအထိ သင်ပေးမလဲ၊ နောက်ပြီး ဘယ်လိုပုံစံနဲ့ သင်ပေးမလဲဆိုတာကျတော့ ကျွမ်းကျင်တဲ့ပညာရှင်တွေက သင်ရိုးညွှန်းတမ်း ရေးဆွဲကြပါ လိမ့်မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့နီတိအကြောင်းကို ကျွန်တော် ပိုမိုကျယ်ပြန့်စွာ ဆွေးနွေးလိုပါတယ်။ ကျွန်တော်ဟာ မူလတန်းကျောင်းသားဘဝတုန်းက ပြည်သူ့နီတိဘာသာရပ်ကို သင်ကြားခွင့် ရခဲ့တဲ့ အတွက် ၎င်းရဲ့အကျိုးကျေးဇူးတွေကို ယနေ့ထက်တိုင် လက်တွေ့ခံစားနေရဆဲ ဖြစ်ပါတယ်။ မိဘဆရာ တွေကိုလည်းကောင်း၊ သက်ကြီးရွယ်အိုများကိုလည်းကောင်း၊ မိမိထက်အသက်ကြီးသူများကို လည်းကောင်း၊ မိမိနဲ့သက်တူရွယ်တူများကိုလည်းကောင်း မည်သို့မည်ပုံ ဆက်ဆံပေါင်းသင်းရမည်ကို သင်ကြားခဲ့ရပါတယ်။ နောက်ပြီး စိတ်ရှည်သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ သနားကြင်နာခြင်း စတဲ့ ကျင့်စဉ် တွေကိုလည်း သင်ကြားခွင့်ရခဲ့ပါတယ်။ နောက်ပြီး တစ်ကိုယ်ရည် သန့်ရှင်းရေးကအစ သပ်သပ်ရပ်ရပ် နေထိုင်ဖို့၊ ဝတ်စားတတ်ဖို့၊ အဝတ်အစား ပစ္စည်းသိမ်းတာကအစ သပ်သပ်ရပ်ရပ်နဲ့ စနစ်တကျ သိမ်းဆည်းထားတတ်ဖို့၊ ပတ်ဝန်းကျင်သန့်ရှင်းရေး အမှိုက်သရိုက်တွေကို စနစ်တကျ စွန့်ပစ်တတ်ဖို့ ကိုလည်းပဲ သင်ကြားခွင့် ရခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမှိုက်စွန့်ပစ်တာဟာ သာမန်ကိစ္စ၊ အသေးအဖွဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါပေမဲ့ ပြန်တွေးကြည့်တော့ တစ်စုံတစ်ယောက်ရဲ့ စိတ်နေစိတ်ထား၊ အကျင့်စရိုက်၊ ကိုယ်သိက္ခာနဲ့ ကိုယ်ရည်ကိုယ်သွေးတွေမှာ ပြုစုပျိုးထောင်တဲ့နေရာမှာ ကြည့်လိုက်လို့ရှိရင် သာမန်အသေးအဖွဲ့လေး တွေကစပြီးတော့ ပြုစုပျိုးထောင်ခြင်း ပြုလုပ်တာကိုတွေ့ရမှာဖြစ်ပါတယ်။ သာမန်အသေးအဖွဲ့ကိစ္စတွေကို ဂရုတစိုက်နဲ့ စနစ်တကျ ကိုင်တွယ်ကျင့်ကြံနေထိုင် လာရာကစပြီးတော့ စည်းကမ်းရှိတဲ့ပုဂ္ဂိုလ်၊ ကိုယ်ကျင့်သိက္ခာနဲ့ ရှိတဲ့ပုဂ္ဂိုလ်၊ ဘ၀ကိုတည်ထောင်၊ ပျိုးထောင်လာကြခြင်းဖြစ်ကြောင်းကို ပြောကြား လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့နီတိဘာသာရပ် လိုအပ်တဲ့အချက်တစ်ချက်ကို ကျွန်တော် ထောက်ပြချင်ပါတယ်။ ဒါကတော့ ယဉ်ကျေးမှုမရှိတဲ့ ပြဿနာပါ။ ဘတ်စ်ကားတွေမှာ သက်ကြီးရွယ်အိုတွေ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးကြီးတွေ၊ မသန်မစွမ်းဖြစ်သူတွေ၊ လူမမယ်ကလေးနဲ့ ကားပေါ်တက်လာတဲ့ အမျိုးသမီးတွေကို ဘတ်စ်ကားပေါ် တက်လာတဲ့အခါမှာ ကျန်းမာသန်စွမ်းတဲ့ လူငယ်တွေက နေရာ ဖယ်ပေးတာမျိုး၊ ဖေးမကူညီတာမျိုး မရှိတာကို မကြာခဏ တွေ့ရပါတယ်။ ဒါဟာ အင်မတန် ရုပ်ဆိုး အကျည်းတန်တဲ့မြင်ကွင်း ဖြစ်ပါတယ်။ အဲဒါကြောင့် ကျောင်းတွေမှာ ပြည်သူ့နီတိ ဘာသာရပ်ကို သင်ပေးဖို့ လိုအပ်နေပါတယ်။ ယခုအခါ ကျောင်းတွေမှာ သင်ပေးနေပြီလို့လည်း သိရတဲ့အတွက် ကြိုဆိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီနဲ့ပတ်သက်ပြီးတော့ အနည်းငယ် ဆွေးနွေးလိုပါတယ်။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ် ဆိတ်သုဉ်းတဲ့ဘ၀ကို နှစ်ပေါင်း(၅၀)ခန့် ဖြတ်သန်းခဲ့တာ အားလုံးအသိ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းလာတာဟာ (၆)နှစ်ကျော် ကျော်ပဲ ရှိပါသေးတယ်။ ဒီမိုကရေစီအပြည့်အဝ မဟုတ်သေးပါဘူး။ ဒီမိုကရေစီ တစ်ပိုင်းပဲ ရှိပါသေး တယ်။ အဲဒီတော့ကာ ဒီမိုကရေစီ အပြည့်အဝဆိုတာဘာလဲ။ ဒီမိုကရေစီ တစ်ပိုင်းဆိုတာဘာလဲ။ ခွဲခြား တတ်ဖို့လိုပါတယ်။ နှစ်ပေါင်း(၅၀)ခန့် အာဏာရှင်စနစ်အောက်မှာ နေလာခဲ့တဲ့အတွက် ဒီမိုကရေစီ လမ်းကြောင်းပေါ်မှာ လျှောက်သွားနေချိန်မှာ အဖုအထစ်လေးတွေ ကြုံတွေ့နေရတာဟာ အဆန်း မဟုတ်ပါဘူး။ သို့သော်လည်း ပြီးပြည့်စုံတဲ့ ဒီမိုကရေစီစနစ်ဆိုတာလည်း မရှိပါဘူး။ ဒီမိုကရေစီမှာ ကောင်းတဲ့အချက်တွေရှိသလို၊ အားနည်းချက်တွေလည်းရှိပါတယ်။ အုပ်ချုပ်ရေးစနစ် အမျိုးမျိုး ရှိတဲ့အနက် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဟာ အကောင်းဆုံးစနစ်ဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ ဒီမိုကရေစီရဲ့ အနှစ်သာရကတော့ အများစုရဲ့ဆန္ဒကို လိုက်လျောခြင်းဖြစ်ပါတယ်။ အဲဒါကြောင့် အများစုရဲ့ အနိုင်ကျင့်ခြင်းကို လူနည်းစုက ခံရနိုင်ကြောင်း ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာအနေနဲ့ ကျွန်တော် ပြောကြားချင်တာကတော့ မြန်မာနိုင်ငံရဲ့ လူဦးရေ သုံးပုံနှစ်ပုံနီးပါးရှိတဲ့ ဗမာလူမျိုးအနေနဲ့ လူဦးရေ သုံးပုံတစ်ပုံကျော်ကျော်ရှိတဲ့ တိုင်းရင်းသား လူနည်းစုတွေပေါ်မှာ အနိုင်ကျင့်တဲ့လုပ်ဆောင်မှုမျိုးကို ဒီမိုကရေစီနည်းကို သုံးပြီးလုပ်လိုက လုပ်ဆောင် နိုင်တဲ့အနေအထားမှာ ရှိပါတယ်။ ထို့အတူ လူဦးရေ(၈၉)ရာခိုင်နှုန်း ကိုးကွယ်တဲ့ဗုဒ္ဓဘာသာကို အထူး အခွင့်အရေးပေးတဲ့ ဥပဒေပြဋ္ဌာန်းချက်မျိုးကိုလည်း ဒီမိုကရေစီနည်းနဲ့ လုပ်ဆောင်ချင်ပါတယ်ဆိုရင်လည်း လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ အကျိုးဆက်ကတော့ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ လူနည်းစု

ခရစ်ယာန်တွေ၊ မူဆလင်တွေနဲ့ ဟိန္ဒူဘာသာဝင်တွေဟာ စိတ်မချမ်းမသာဖြစ်ခြင်း၊ နောက်ပြီးတော့ ဒီထက်ပိုဆိုးတဲ့ အကျိုးဆက်တွေ ဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။ ဒါမျိုး မြန်မာ့သမိုင်းမှာ တစ်ခါ ပေါ်ပေါက်ခဲ့ဖူးပြီးဖြစ်တာကို အားလုံးသိကြမှာပါ။ နောက်ပြီးတော့ အာဏာရှင်စနစ်အောက်မှာ ပြည်ထောင်စုရဲ့ အနှစ်သာရဟာ လုံးဝပျောက်ကွယ်သွားခဲ့ပြီး လူနည်းစု တိုင်းရင်းသားများအားလုံး ဗမာဖြစ်ရေး၊ Burmanization ရဲ့ ဒဏ်ကို အလူးအလဲ ခံခဲ့ကြရပါတယ်။ အဲဒါကြောင့် ဒီမိုကရေစီ ခေတ်ပြောင်းမှာ အားလုံးဗမာ နောက်ထပ် မပေါ်ပေါက်နိုင်ရေးအတွက် အထိန်းအကျောင်းစနစ် Checks and Balances လုပ်ထားဖို့မလွဲမသွေ လိုအပ်မှာဖြစ်ပါတယ်။ အဲဒါကြောင့် ဒီမိုကရေစီရဲ့ အားနည်းချက်တွေကိုလည်း လူငယ်တွေသိအောင်လုပ်ဖို့ မလွဲမသွေလိုအပ်မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျောင်းတွေမှာ မျိုးဆက်ပွားကျန်းမာရေး၊ ပြည်သူ့နီတိနဲ့ ဒီမိုကရေစီ ဘာသာရပ်တွေကို အမြင်ဖွင့် ပညာပေးအနေနဲ့ သင်ကြားပေးဖို့ ဒေါက်တာတင်တင်ဝင်း ရဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဒီလိုပဲ ဆွေးနွေးချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၈။**

**ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ ကျွန်မက ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က ဒေါက်တာဒေါ်တင်တင်ဝင်း ရဲ့ တင်သွင်းတဲ့အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကမ္ဘာပေါ်မှာရှိတဲ့ သက်ရှိသတ္တဝါတွေရဲ့ ရေရှည် ဆက်လက်တည်တံ့ရေးဟာ မျိုးဆက်ပွား ကျန်းမာရေးပညာဟာ များစွာအရေးပါလှပါတယ်။ သင်သင်၊ မသင်သင် အချိန်တန် အရွယ်ရောက်ရင် သိလာကြပေမယ့် အသိပညာမရှိခြင်းက အရွယ်မရောက်၊ အသိမကြွယ် သေးခင်မှာပဲ အမှားအယွင်းတွေကို ဖြစ်စေတတ်ပါတယ်။ မြန်မာ့လူမှုအသိုင်းအဝိုင်းမှာ ရှေးယခင် အစဉ်အဆက် ကတည်းက မျိုးဆက်ပွားကျန်းမာရေးနဲ့စပ်ဆိုင်တဲ့ ကိစ္စရပ်တွေကို ပွင့်လင်းစွာပြောဆို ရေးသားခဲ့ခြင်း မရှိသလို မောင်နှင့်နှမ၊ သားနှင့်အမိကြားမှာ ပြောကြားတဲ့အလေ့အထလည်း မရှိခဲ့ပါဘူး။ အဲဒီကိစ္စနဲ့ ပတ်သက်လာရင် မကြားဝံ့မနာသာ ရှက်ရွံ့ဖွယ်ရာကိစ္စတွေအဖြစ်နဲ့သာ ထိန်းသိမ်းပြောဆိုလေ့ ရှိကြပါတယ်။ ဒါကြောင့် လူငယ်၊ လူရွယ်တွေဟာ မျိုးဆက်ပွားကျန်းမာရေးအသိကို ကိုယ်တိုင် ကြုံတွေ့လာပြီး ကြီးစွာသော အတွေ့အကြုံသင်ခန်းစာရပြီးမှသာ သဘောပေါက်နားလည်လာကြ ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အလယ်တန်း၊ အထက်တန်းအဆင့်က စပြီးတော့ ကျန်းမာရေးအခြေခံနဲ့ ပတ်သက်ပြီး ရှောင်ရန်၊ ဆောင်ရန်အခြေခံအသိတွေကို သိရှိနားလည်ထားကြမယ်ဆိုရင် မျိုးဆက်ပွား ကျန်းမာရေးကိစ္စရပ်တွေကို မှန်ကန်တဲ့အသိနဲ့ သတိထားဆင်ခြင်လာနိုင်မှာ ဖြစ်ပါတယ်။ မျိုးဆက်ပွား ကျန်းမာရေးနဲ့ပတ်သက်ပြီး ကိုယ်တိုင်ကြုံတွေ့လာတဲ့အခါ ရှက်ရွံ့စရာကိစ္စအနေနဲ့ သဘောမထား ကြဘဲ ဆရာမိဘတွေနဲ့ ဆွေးနွေးတိုင်ပင်ခြင်းဖြင့် အခက်အခဲများကို ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ မျိုးဆက်ပွားကျန်းမာရေး အသိပညာကို ကြိုတင်သိရှိ နားလည်ထားတဲ့အတွက် ယောကျ်ားလေး တွေကလည်း စောင့်ထိန်းရမယ့်အသိကိစ္စတွေ သိရှိနားလည်လာကြမှာဖြစ်သလို မိန်းကလေးတွေ ကလည်း ကိုယ့်ကိုကိုယ်ပိုမိုထိန်းသိမ်း စောင့်ရှောက်လာနိုင်မှာဖြစ်ပြီး တခြားသူကိုလည်း စောင့်ရှောက်သွားနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့နီတိဟာ မြန်မာတွေနဲ့ ရှေးယခင်ကတည်းက အကျွမ်းတဝင်ရှိခဲ့တဲ့ ပညာရပ် ဖြစ်ပါတယ်။ ပြည်သူ့ကျင့်ဝတ်၊ ဆရာ့ကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ် အစရှိတာတွေဟာ ရှေးအစဉ်အဆက်ကတည်းက မြန်မာ့လူမှုအသိုင်းအဝိုင်းက လက်ခံကျင့်သုံးခဲ့တဲ့ လောကနီတိတရားများပဲ ဖြစ်ပါတယ်။ လူ့ကျင့်ဝတ်တွေကို ပညာရပ်တစ်ခု အနေနဲ့ တစ်စုတစ်စည်းတည်း ပြုစုပြီးတော့ ပြည်သူ့နီတိပညာရပ်အဖြစ် ကျောင်းများမှာ သင်ကြား ပေးခြင်းဟာ ကျောင်းသားလူငယ်တွေကို လိမ္မာရေးခြား ရှိလာစေပြီး ကြီးလာတဲ့အခါ တာဝန်သိသော အသိစိတ်ဓာတ်ရှိသော နိုင်ငံ့သားကောင်းများ ဖြစ်လာစေမှာ ဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက လူအချင်းချင်း ဆက်ဆံတဲ့နေရာမှာ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားရမယ်ဆိုတဲ့ အသိစိတ်ဓာတ်ကို ကျောင်းသားလူငယ်တွေကို ငယ်စဉ်အခြေခံကစပြီး လေ့ကျင့်ပျိုးထောင်ပေးခြင်း အားဖြင့် လူလူချင်းတန်ဖိုးထားတတ်တဲ့သူ၊ စည်းကမ်းဥပဒေကို လေးစားလိုက်နာသူများ ဖြစ်လာပြီး လူ့လောကကို ငြိမ်းချမ်းသာယာလှပစေမှာဖြစ်ပါတယ်။ ပြည်သူ့နီတိကို ကျွန်မတို့ ငယ်စဉ်က ကျောင်းများမှာ အတန်းတင်စာမေးပွဲအတွက် ထည့်မတွက်တဲ့ ဘာသာရပ်တစ်ခုအနေနဲ့ သင်ကြား ခဲ့ရပါတယ်။ ဒါကလည်း ကျက်မှတ်စရာများပြားလှတဲ့ ကျောင်းသား၊ ကျောင်းသူတွေကို ဝန်မပိ စေလိုတဲ့အတွက်ဖြစ်ပါတယ်။ ပြည်သူ့နီတိကို ငယ်ရွယ်စဉ်ကျောင်းသားဘဝကတည်းက လူ့ကျင့်ဝတ် ပညာရပ်အနေနဲ့ သင်ကြားပေးလိုက်မယ်ဆိုရင် နောင်ကို တာဝန်သိပြည်သူတွေ ဖြစ်လာကြမှာ မလွဲပါဘူး။ ဒါကြောင့် ပြည်သူ့နီတိဘာသာရပ်ကို ကျောင်းသင်ခန်းစာမှာ ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားပေးစေဖို့ သင်ရိုးညွှန်းတမ်းမှာ ထည့်သွင်းသင်ကြားသင့်ပါကြောင်း ထောက်ခံ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နောက်ဆုံးအချက်ဖြစ်တဲ့ ဒီမိုကရေစီနဲ့ ပတ်သက်တဲ့ သင်ခန်းစာကိုတော့ ကျောင်းသား၊ ကျောင်းသူတိုင်း အခြေခံအားဖြင့် သိရှိထားရန် လိုအပ်ပါတယ်။ ကျွန်မတို့နိုင်ငံကို အခုအချိန်မှာ ဒီမိုကရေစီစနစ်နဲ့ တည်ဆောက်နေခြင်း ဖြစ်ပါတယ်။ ဒီမိုကရေစီဆိုတာ ဘာလဲ ဆိုတာကို လူတိုင်းသိရှိထားဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ စဉ်းစားတွေးခေါ်ပြီး ရေးသားတင်ပြခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် မိမိတို့ အလိုဆန္ဒတွေကို တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း တင်ပြပိုင်ခွင့်၊ မိမိတို့ရဲ့ ကာယ၊ ဉာဏ၊ စွမ်းအားနဲ့အညီ လွတ်လပ်စွာ ပညာရှာမှီးခွင့်၊ အသက်မွေးဝမ်းကျောင်း

ပြုပိုင်ခွင့်တို့ဟာ လူသားတိုင်းရဲ့ မွေးရာပါအခွင့်အရေး ဖြစ်ပါတယ်။ လွတ်လပ်စွာ တွေးခေါ် မြော်မြင်ခြင်းနဲ့ လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းဟာ ဒီမိုကရေစီစနစ်ရဲ့ အသက်သွေးကြောဖြစ်ပါတယ်။ တွေးခေါ်မြော်မြင်တတ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ထူထောင်ဖို့ဆိုရင် ပညာရေးစနစ်ဟာ အခရာကျတဲ့ ဒီမိုကရေစီယန္တရားတစ်ခု ဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်တွေရဲ့ အခြေခံသဘောတရားဖြစ်တဲ့၊ တရားမျှတတဲ့ ရွေးကောက်ပွဲတွေမှာ လွတ်လပ်စွာ ပြောဆိုစည်းရုံးပြီး တရားမျှတတဲ့နည်းလမ်းတွေနဲ့ ပါဝင်ယှဉ်ပြိုင် အရွေးခံရေးကို ငယ်ရွယ်စဉ် ကလေးဘဝကတည်းက စတင်ပြီး ကျောင်းသား၊ ကျောင်းသူတွေကို လေ့ကျင့် သင်ကြားပေးသင့်ပါတယ်။ ကျောင်းကောင်စီ ရွေးကောက်ပွဲတွေ၊ ကျောင်းသားအသင်းအဖွဲ့တွေရဲ့ ရွေးကောက်ပွဲတွေကို နှစ်စဉ်ကျင်းပပေးခြင်းအားဖြင့် ကျောင်းသားတွေကို ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ သင်ကြားတတ်မြောက်အောင် လေ့ကျင့်ပေးခြင်း ဖြစ်ပါတယ်။ ဒါမှသာ လူကောင်း၊ လူတော်တွေကို ဘယ်လိုရွေးချယ်ရမယ်ဆိုတာကို ကျောင်းသားအရွယ်ကတည်းက နားလည်သိရှိကြမှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် အခုအချိန်မှာ အာရှနိုင်ငံအတော်တော်များများမှာလည်းပဲ ထောင်စုနှစ် ရည်မှန်းချက် (၁၇)ချက်နှင့်အညီ ကျောင်းတွေမှာ သင်ကြားပို့ချနေမှုများ ပြုလုပ်နေပြီဖြစ်တဲ့အတွက် ကျွန်မတို့ မြန်မာနိုင်ငံမှာလည်း ကျောင်းသားလူငယ်တွေကို ထောင်စုနှစ် ရည်မှန်းချက်တွင်ပါဝင်တဲ့ စတုတ္ထအချက်ဖြစ်တဲ့ QUALITY EDUCATION နဲ့ပတ်သက်ပြီး အထွေထွေဘာသာရပ်အခန်းမှာ မျိုးဆက်ပွားကျန်းမာရေး၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီတို့ကို ဘာသာရပ်အဖြစ် သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၄။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်တင်တင်ဝင်း ရဲ့ အဆိုပေါ်မှာ ချိုင့်ငုံသုံးသပ် အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်အနေနဲ့ နိုင်ငံတော်အတွက် ပညာရည် အရည်အသွေး မြင့်မားစေရန်နှင့် စာရိတ္တကောင်းမွန်ကာ ဒီမိုကရေစီသဘောတရားကို အခြေခံကျကျ နားလည်ပြီး ကျန်းမာသန်စွမ်းတဲ့ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ပေါက်လာရေးကို ရည်ရွယ်ပြီး တင်သွင်းခဲ့တဲ့အဆို ဖြစ်တဲ့အတွက် အဆိုရှင်ရဲ့ စေတနာကို လေးစားပါတယ်။ Power Point အသုံးပြုခွင့်ပြုပါ။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အဆိုရဲ့အပေါ်မှာ (၁) အဆိုရဲ့အပေါ်မှာ လေ့လာတွေ့ရှိချက်၊ (၂) ပညာရေးဝန်ကြီးဌာန၏ လက်ရှိဆောင်ရွက်မှုအခြေအနေ၊ (၃) အကြံပြုချက်ဆိုတဲ့အချက် (၃) ချက်နဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရဲ့အပေါ်မှာ လေ့လာတွေ့ရှိချက်အနေနဲ့ မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းများတွင် အထွေထွေဘာသာရပ်အခန်း၌ မျိုးဆက်ပွားကျန်းမာရေး၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီတို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက်သင်ကြားပေးရုံမျှသာမက လက်ခံကျင့်သုံးရန်လို့ ဆိုတဲ့နေရာမှာ ကျောင်းများတွင် ဘာသာရပ်များကိုသင်ကြားရာ၌ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနဲ့ သင်ယူတတ်မြောက်မှုတို့အား စစ်ဆေးခြင်းဆိုတဲ့ လုပ်ငန်းဆောင်ရွက်ချက်များနဲ့ ဆောင်ရွက်နေတယ်လို့ သိရှိနားလည်ရပါတယ်။ သို့သော် လက်ခံကျင့်သုံးရန်ဆိုသည်မှာ တစ်ဦးချင်းနှင့်သာ သက်ဆိုင်သည်ဟု ထင်မြင်ယူဆမိပါတယ်။ အကယ်၍ လက်ခံကျင့်သုံးမှုမရှိတဲ့ ကျောင်းသား၊ ကျောင်းသူများကို မည်သည့်စည်းကမ်းမျိုးကိုထုတ်ပြန်၍ မည်ကဲ့သို့အပြစ်ပေးမှာလဲဆိုတာပါ ထည့်သွင်းစဉ်းစားရမယ့် အခြေအနေမျိုးကို ရောက်ရှိလာနိုင်ပါတယ်။

အဆိုရှင်အနေနဲ့ “ပညာရေးဝန်ကြီးဌာနမှလည်း ပညာရေးအရည်အသွေးမြင့်မားရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာသင်ဆုအစီအစဉ်၊ ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ် ထည့်သွင်းသင်ကြားခြင်း အစီအစဉ်၊ လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာထည့်သွင်းသင်ကြားခြင်းအစီအစဉ် စတဲ့အစီအစဉ်များကို ဆောင်ရွက်နေတဲ့အချိန်လည်း ဖြစ်ပါတယ်လို့” ဆိုထားတဲ့အတွက် အဆိုရှင်၏ တင်ပြချက်ကို အစိုးရမှ ဆောင်ရွက်နေကြောင်းကို အဆိုရှင်ကိုယ်တိုင်နားလည်လက်ခံသည်ဟု ယူဆရတဲ့အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းရန်လို၊ မလိုဆိုတာလည်း စဉ်းစားရမယ့်အချက်ဖြစ်ပါတယ်။

အဆိုရှင်အနေနဲ့ “ကျွန်မ တင်သွင်းလိုတဲ့ အချက်(၃)ချက်ကတော့ (၁) မျိုးဆက်ပွားကျန်းမာရေး၊ (၂) ဒီမိုကရေစီ၊ (၃) ကိုယ်ကျင့်တရားကျောင်းပညာ ပြည်သူ့နီတိတို့ ဖြစ်ပါတယ်။ မျိုးဆက်ပွား ကျန်းမာရေးကို မူလတန်းမှအပ အလယ်တန်း၊ အထက်တန်း၊ ပညာရေးကောလိပ်နှင့် ပညာရေးတက္ကသိုလ်တို့မှာ အထွေထွေဘာသာရပ်ထဲ ထည့်သွင်းသင်ကြားချင်တဲ့ အကြောင်းကတော့--” လို့ တင်ပြထားသော်လည်း နိဂုံးပိုင်းမှာ “အထက်ပါအချက်(၃)ချက်ကို ပညာရှင်များနှင့် တိုင်ပင်ကာ သင်ရိုးညွှန်းတမ်းတွင် အထွေထွေဘာသာရပ်တွင် ထည့်သွင်းရေးဆွဲပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ပညာရေးကောလိပ်၊ ပညာရေးတက္ကသိုလ်တို့တွင် သေချာစွာ နားလည်ပြီး အမှန်တကယ်ကျင့်သုံးတတ်အောင် သင်ကြားပေးစေလိုတဲ့--”လို့ ဆိုလာတာဖြစ်သည့်အတွက် ပထမပိုင်းမှာ မူလတန်းမှအပ လို့ ဆိုသော်လည်း ဒုတိယပိုင်းမှာ မူလတန်းမှာ ထည့်သွင်းတင်သွင်းလာတာဖြစ်တဲ့အတွက် ရှေ့ နောက် ညီညွတ်မှု အားနည်းတယ်လို့ မှတ်ယူရပါတယ်။ အမှန်တကယ်တော့ မျိုးဆက်ပွားကျန်းမာရေးကို မူလတန်းမှသည် ပညာရေးတက္ကသိုလ်အထိ ဘဝတွက်တာကျွမ်းကျင်စရာ သင်ခန်းစာပြဋ္ဌာန်းစာအုပ်နှင့် သင်ကြားနေလျက် ရှိတယ်လို့ သိရှိရပါတယ်။

ပညာရေးဝန်ကြီးဌာနရဲ့ လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်းပြီး မျိုးဆက်ပွား သင်ကြားပေးနေမှုအခြေအနေများ၊ ဒါကတော့ ခေါင်းစဉ်တွေပါ။ ဒါကတော့ အဲဒီခေါင်းစဉ်တွေမှာ ပါတဲ့အကြောင်းအရာတွေပါ။ ဒါကတော့ ကျွန်တော်တို့ အဋ္ဌမတန်းတို့ နဝမတန်းတို့မှာ သင်ကြားတဲ့ ဘဝတွက်တာကျွမ်းကျင်စရာပါ။ ဒါက ဒီအထဲမှာပါတဲ့ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သင်ကြားနေတဲ့အကြောင်းအရာ၊ ခေါင်းစဉ်နဲ့ ဒီဘက်ကအကြောင်းအရာ အကျိုးအကြောင်း အနှစ်ချုပ်တွေကို ဖော်ပြထားတာပါ။ အချိန်ကိုငဲ့ကွက်ပြီး ကျွန်တော် ဖတ်ကြားခြင်းမပြုတော့ပါဘူး။ ဒါက စာရိတ္တနဲ့ ပြည်သူ့နီတိပိုင်း သင်ကြားမှုအခြေအနေပါ။ ဒါက ခေါင်းစဉ်တွေပါ။ ဒီမိုကရေစီ သင်ကြားပေးနေမှုအခြေအနေနှင့်စပ်လျဉ်း၍ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ပြည်ထောင်စုစိတ်ဓာတ်၊ လူ့အခွင့်အလမ်း ပညာရေးသင်ခန်းစာများကို သင်ကြားပေးနေလျက် ရှိတယ်လို့ သိရှိရပါတယ်။ အကြံပြုချက်အနေနဲ့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ်တင်သွင်းရာမှာ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည်များကို မဆောင်ရွက်ဟု မှတ်ယူသည့်အခါမှာလည်းကောင်း၊ ဆောင်ရွက်ရန်အစီအစဉ်မရှိဟု မှတ်ယူသည့်အခါမှာသော်လည်းကောင်း၊ ဆောင်ရွက်ရန် တိုက်တွန်းရတဲ့သဘော ရှိပါတယ်။

အဆိုတစ်ရပ်ဆိုတာ အဆိုထဲမှာပါတဲ့ အကြောင်းအရာတစ်ချက်ကိုပဲ ထောက်ခံပြီးတော့ မလိုလားအပ်တဲ့အချက်ကိုဖယ်ပြီး ဒီလို အတည်ပြုလို့ မရပါဘူး။ အဆိုတစ်ရပ်လုံးကို အားလုံးခြုံငုံပြီး အတည်ပြုရတာဖြစ်ပါတယ်။ လုံးကောက်အဓိပ္ပာယ်အလိုက် အကောင်အထည်ဖော်ရတာဖြစ်ပါတယ်။ ဒါကြောင့် နိဂုံးချုပ်အနေနဲ့ အကြံပြုလိုတာကတော့ အဆိုရှင်ရဲ့ ၎င်းတင်ပြခဲ့တဲ့အချက် (၃)ချက်မှာ (၁) ဆောင်ရွက်နေတဲ့အချိန်လို့ အဆိုရှင်ကိုယ်တိုင်မှတ်ယူထားခြင်း၊ (၂) အဆိုရှင်၏ တိုက်တွန်းချက်တွင် ရှေ့နောက်ညီညွတ်မှုအားနည်းခြင်း၊ (၃) ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း မိတ်ဆက်သင်ကြားပေးရုံသာမက လိုက်နာကျင့်သုံးတတ်ရန်ပါ သင်ကြားပေးလျက်ရှိတာကို သိရှိရတဲ့အတွက် အဆိုရှင်၏ အဆိုကို လွှတ်တော်၌မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည် ဆွေးနွေးရန် ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပဥ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးဖြစ်တဲ့ ဒေါက်တာတင်တင်ဝင်း ရဲ့ အဆိုဖြစ်သော ထောင်စုနှစ် ရည်မှန်း

ချက်(၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သည့် QUALITY EDUCATION အတွက် မြန်မာနိုင်ငံရှိ ပညာရေး ကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေ ဘာသာရပ်အခန်း၌ မျိုးဆက်ပွားကျန်းမာရေး၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီတို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက်သင်ကြားပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စု အစိုးရအား တိုက်တွန်းသည့်အဆိုနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီး (၂၇)ဦးမှ သင်ရိုးညွှန်းတမ်းများတွင် ပြည်သူ့နီတိ၊ ဒီမိုကရေစီနှင့် မျိုးဆက်ပွားကျန်းမာရေးတို့၏ အရေးပါပုံ၊ ကျောင်းသူ၊ ကျောင်းသား၊ လူငယ်၊ လူရွယ်များအား သင်ကြားပေးရန် လိုအပ်ပုံတို့ကို လမ်းညွှန်ဆွေးနွေး သွားတဲ့အတွက် ပညာရေးဝန်ကြီးဌာနမှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

ဒါတင်မက ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ ပြည်သူ့နီတိသင်ရိုးများ၊ ဒီမိုကရေစီသင်ရိုးများနှင့် မျိုးဆက်ပွားကျန်းမာရေးသင်ရိုးများအပေါ်မှာ လမ်းညွှန်ဆွေးနွေးပေးတဲ့ အတွက်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ဆွေးနွေးချက်များကို ကျွန်တော်တို့ဝန်ကြီးဌာန အနေနဲ့ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒီအခြေခံပညာသင်ရိုးတွေမှာ ဘာသာရပ်ဆိုင်ရာ သင်ရိုးတွေသာမက ဒီအထွေထွေဘာသာသင်ရိုးအနေနဲ့ ယဉ်ကျေးမှုအတွက်သင်ရိုးများ၊ အားကစားအတွက်သင်ရိုးများ၊ ပန်းချီအခြေခံပညာသင်ရိုးများ၊ ဂီတအခြေခံသင်ရိုးများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းလိုစိတ်နဲ့ ချစ်မြတ်နိုးစိတ်အတွက် သင်ရိုးများ၊ ယဉ်ကျေးလိမ္မာသင်တန်းများ၊ ရှေးဦးသူနာပြုသင်တန်းများ၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်သန်ရေးသင်ရိုးများ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်သန်ရေးသင်ရိုး များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ဖို့သင်ရိုးများ၊ ဥပဒေအတွက် အခြေခံ သိမှတ်ဖွယ်ရာများ၊ ကျန်းမာရေးအတွက် အခြေခံသိမှတ်ဖွယ်ရာများ၊ ရှေးဦးသူနာပြုအတွက် အခြေခံ သိမှတ်ဖွယ်ရာများ၊ အခြေခံဥပဒေအတွက် အခြေခံသိမှတ်ဖွယ်ရာများ၊ နောက်ဆုံး စားသုံးသူ အခွင့်အရေးကာကွယ်ရေးအတွက် ပညာရပ်အခြေခံသင်တန်းများ စသည်ဖြင့် ကျယ်ဝန်း နက်ရှိုင်းစွာ ဆောင်ရွက်ရပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

အခု ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အဆိုပြုထားတဲ့၊ ဆွေးနွေးတဲ့ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်များ၊ မျိုးဆက်ပွားသင်ရိုးများသည် ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှစ၍ သင်ရိုးညွှန်းတမ်းမှာ ထည့်သွင်းရေးဆွဲပြီးဖြစ်ပါတယ်။ သင်လည်း သင်ကြားလျက် ရှိပါတယ်။ တတိယတန်းမှ ဒသမတန်းအထိလည်းကောင်း၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကျင့်စဉ်များ နှင့်စပ်လျဉ်း၍ သူငယ်တန်းမှ ဒသမတန်းအထိလည်းကောင်း၊ မျိုးဆက်ပွားကျန်းမာရေးနဲ့စပ်လျဉ်းလို့ ဒီ အမည်ကိုတော့ တိုက်ရိုက်အသုံးမပြုပါဘူး။ သို့သော် သွယ်ဝိုက်ပြီးတော့ ဒီ မူလတန်းအောက်အဆင့်၊ မူလတန်းအထက်အဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်တို့၌ ဒီကျောင်းသူ၊ ကျောင်းသား များရဲ့ အသက်အရွယ်၊ သူတို့လက်ခံနိုင်တဲ့ အသိဉာဏ်၊ နောက် သူတို့ရဲ့အခြေအနေနဲ့ လိုက်လျော ညီထွေသော သင်ခန်းစာများကို ထည့်သွင်းသင်ကြားပေးလျက်ရှိပါတယ်။ စောစောကတော့ လွှတ်တော်

ကိုယ်စားလှယ်ကြီး ဦးမင်းဦး တင်ပြတဲ့အထဲမှာလည်း တချို့တစ်ဝက် ပါ ပါတယ်။ ကျွန်တော့် အနေနဲ့လည်း ထပ်ဆင့်ဖြည့်စွက်တင်ပြခွင့်ပြုပါရန် Power Point အသုံးပြုခွင့်ပေးဖို့ တင်ပြအပ် ပါတယ်။

ဒီဟာကတော့ ကျွန်တော်တို့ မျိုးဆက်ပွားကျန်းမာရေးအတွက် Reproductive Rights ဒီမျိုးပွားခြင်းဆိုင်ရာနဲ့စပ်လျဉ်းပြီး သင်ခန်းစာ ပြဋ္ဌာန်းချက်တွေဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာ ပဉ္စမတန်းမှာ သင်တဲ့သင်ခန်းစာဖြစ်ပါတယ်။ ဒါဟာ သဘာဝပါဆိုပြီးတော့ သူရဲ့သဘာဝအားလုံးကို ဖော်ညွှန်းထား ပါတယ်။ အဲဒီတော့ ဒီမှာတော့ ဒီသင်ခန်းစာ အနှစ်ချုပ်လေးတွေ အပျိုဖော်ဝင်ချိန်မှာ သိသင့်သိထိုက်တာ၊ နောက်တစ်ခါ ရှောင်ရန်၊ ဆောင်ရန်၊ ခင်လို့ရပါတယ်။ စည်းထားကြရပါမယ်။ ဒီလိုနေမှဖြစ်မှာလား။ ဒါတွေက ကျွန်တော်တို့ ပညာပေးအနေနဲ့ သင်ခန်းစာများ ထည့်သွင်းပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ခါ မိမိကိုယ်ကိုမိမိ ကာကွယ်စေချင်တဲ့ပညာပေးအနေနဲ့ ဘောင်မကျော်ပါနဲ့၊ သူသိစေချင်ပါတယ်၊ ဒါသင့်လျော်၏၊ မသင့်လျော်၏ ဆင်ခြင်နိုင်အောင် သင်ကြားပေးလျက်ရှိပါတယ်။ ဒီလိုပဲ နှစ်ဦးနှစ်ဖက် သဘာဝနားလည်နိုင်အောင် သူ့အတွေး၊ ကိုယ့်အတွေး သင်ခန်းစာထည့်သွင်းထား ပါတယ်။ နောက်တစ်ခါ မိမိကိုယ်မိမိဆင်ခြင်တုံတရားနဲ့ ကာကွယ်နိုင်အောင်၊ စောင့်စည်းနိုင်အောင် အတွက် ပါမသွားစေပါနဲ့ ဆိုတာကို ကျွန်တော်တို့ သူတို့နားလည်လွယ်မယ့် စကားလုံးများနဲ့ သင်ကြား ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ခါ အဋ္ဌမတန်းအနေနဲ့ ခုန ကိုယ်စားလှယ်တော် ကြီးများတင်ပြသလို ဒီကျား၊ မ ဘာကွာလဲ၊ လိင်နှင့်ကျား၊ မ သဘာဝ ဘာရှိလဲ၊ နောက်တစ်ခါ Value ပေါ့နော်။ ကျား၊ မ သဘာဝဆိုင်ရာတန်ဖိုး ဘယ်ဟာကိုထားရမလဲဆိုတာ ကျွန်တော်တို့ အလေးအနက် သင်ကြားပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

နောက် မျိုးပွားအင်္ဂါအဖွဲ့အစည်းများကို ကွက်ကွက်ကွင်းကွင်း ကျား၊ မ မရွေးနားလည်နိုင် အောင် အဋ္ဌမတန်းမှာ ဆင်ခြင်တုံတရားရှိလာချိန်မှာတော့ လူတိုင်းမှာရှိတဲ့ မျိုးဆက်ပွားကျန်းမာရေး မှန်မှန်ကန်ကန်သိဖို့လိုတယ် စသည်ဖြင့် ကျွန်တော်တို့ သင်ကြားပေးလျက်ရှိပါကြောင်း တင်ပြအပ် ပါတယ်။ ဒီလိုပဲ ဒီထက် အတွေ့အကြုံရှိလာတဲ့ နဝမတန်းအတွက်ကတော့ ကိုယ်ဝန်ဆောင်တဲ့ အချိန်ကစပြီး ကိုယ်ဝန်ဘာကြောင့်ဖြစ်လဲ၊ ဘယ်လိုအမိပွာယ်ရှိလဲ၊ ပြသတဲ့လက္ခဏာ ဒါကွက်ကွက်ကွင်းကွင်း ကျွန်တော်တို့ သင်ကြားပေးလျက်ရှိပါတယ်။

နောက် ဆင်ခြင်တုံတရားရှိအောင် ဒါ အိမ်ထောင်ရဲ့တာဝန်၊ နယ်ကျွံရင် ဖြစ်မယ့်တာဝန်၊ နောက်သားသမီးရှိလာတဲ့ တာဝန်၊ ဒါတွေကို တာဝန်ယူနိုင်ပြီးလား စဉ်းစားနိုင်အောင် ဒါ ကျွန်တော်တို့ ကွက်ကွက်ကွင်းကွင်း သင်ကြားပေးလျက်ရှိသလို ဒီလိုမဖြစ်အောင် သင်ခန်းစာနဲ့ ဒီဖြစ်တန်စွမ်းရှိသမျှ မှန်သမျှ သူတို့လက်ခံနိုင်တဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့ကိုက်ညီအောင် ကျွန်တော်တို့ သင်ကြားပေးလျက် ရှိကြောင်းတင်ပြအပ်ပါတယ်။

နောက်တစ်ခါ မိဘဖြစ်လာလျှင် မိဘဟာ ကိုယ့်အပေါ် ဘယ်လိုပြုစုစောင့်ရှောက်ခဲ့လဲ၊ ဒါတွေ နားလည်အောင် မိဘဆိုတာလည်း ကျွန်တော်တို့ သင်ကြားပေးပါတယ်။ နောက်တစ်ခါ ဒီ မိဘဖြစ်လာရင်

ရပိုင်ခွင့်၊ နောက်ဘာကို ဦးစားပေးသလဲ၊ ဒါတွေလည်း ကျွန်တော်တို့ သင်ကြားပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒီဟာကတော့ Sexual Rights နဲ့ဆိုင်တဲ့ သင်ခန်းစာတွေဖြစ်ပါတယ်။ ကျွန်တော် အချိန်ကို ငဲ့ညှာသောအားဖြင့် အသေးစိတ်တော့ မပြောတော့ပါဘူး။ ဒါတတိယတန်းကစပြီး ကျွန်တော်တို့ နားလည်နိုင်အောင် သင်ကြားပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ ကာကွယ်မှုအပိုင်းဖြစ်ပါတယ်။ ရောဂါတွေအကြောင်း ဖြစ်ပါတယ်။ ဒါ HIV, AIDS အကြောင်းဖြစ်ပါတယ်။ နောက်တစ်ခါ ရောဂါရှိ/မရှိ ဘယ်လို ခွဲခြားမလဲ။ ဒါအသိပညာပေးတဲ့သင်ခန်းစာဖြစ်ပါတယ်။ ဒါ နဝမတန်းအတွက်ဖြစ်ပါတယ်။

ထိုနည်းတူစွာ စာရိတ္တနှင့် ပြည်သူ့နီတိ၊ နောက်တစ်ခါ ဒီမိုကရေစီ၊ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများအတွက်လည်း တတိယတန်းကစပြီး သင်ကြားပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ စတုတ္ထတန်းအတွက်ဖြစ်ပါတယ်။ ဒီဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ်မှာလည်း လူ့အခွင့်အရေး နှင့်ဆိုင်တဲ့ သင်ခန်းစာများ ထည့်သွင်းထားပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ စာရိတ္တနှင့်လောကနီတိ ဘာသာရပ်မှာပါတဲ့ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများဖြစ်ပါတယ်။ ပဉ္စမတန်းအတွက် ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒါ ဆဋ္ဌမတန်းအတွက် ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ သတ္တမတန်းအတွက် ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ အဋ္ဌမတန်းအတွက် ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ငြိမ်းချမ်းစွာအတူနေထိုင်ရေး အတွက်လည်း ဒါ ငြိမ်းချမ်းရေးရဲ့ အဓိပ္ပာယ်၊ အငြင်းပွားမှုကို ဖြေရှင်းနိုင်မယ့်နည်းလမ်းတွေ၊ အငြင်းပွားမှုကို ငြိမ်းချမ်းစေမယ့်နည်းလမ်းတွေ၊ နောက်ခွင့်လွှတ်သည်းခံခြင်းရဲ့ အဓိပ္ပာယ်၊ ဒါ အင်မတန် အရေးကြီးပါတယ်။ ကျွန်တော်တို့ သင်ကြားပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒါ ကိုးတန်းအတွက် နိုင်ငံသားရဲ့ တာဝန်နှင့်ဝတ္တရားတွေ၊ နောက်ဥပဒေရေးရာ အချက်အလက်တွေ၊ နောက် ငြိမ်းချမ်းမှုနဲ့ ပညာရေးဆက်စပ်မှုတွေ သင်ကြားပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ ဒီ NESP အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၊ ကျွန်တော်တို့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကနေ စတင်ကြောင်း ကျွန်တော်တို့ နိုင်ငံတော်ကို တင်ပြပြီးဖြစ်ပါတယ်။ ဒီစီမံကိန်း နှင့်အညီ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း၊ အညွှန်းဘောင်မူကြမ်း Curriculum Frame Work ရှိပါတယ်။ ဒီ Frame Work မှာလည်း ကိုယ်စားလှယ်တော်ကြီးများတင်ပြတဲ့ ပြည်သူ့နီတိ၊ ဒီမိုကရေစီရေး၊ မျိုးဆက်ပွားကျန်းမာရေးတို့ကို ထည့်သွင်းထားပါတယ်။ ဒီ စီမံကိန်းအရ ပထမတန်းက စပြီး သင်ရိုးညွှန်းတမ်းတွေ နှစ်အလိုက် တိုးချဲ့ရေးဆွဲရာမှာ ဒီနှစ် ဒုတိယတန်းသင်ရိုး စတင်ပြုစုနေပါပြီ။ ဒီ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း စဉ်ဆက်မပြတ် အညွှန်းဘောင်အတွင်းကနေ သင်ကြားနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

ဒီဟာတော့ ကိုယ်စားလှယ်တော်ကြီးများတင်ပြတဲ့ Sustainable Development Goals ကို နံပါတ်(၄)ဖြစ်ပါတယ်။ ဒီဟာကိုလည်းပဲ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းလမ်းညွှန် တစ်ရပ်အဖြစ် ဆောင်ရွက်နေပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဆောင်ရွက်တဲ့ နေရာမှာ ထိရောက်လား၊ အောင်မြင်လား၊ ပြည့်စုံလားဆိုတာ Indicator တွေရှိပါတယ်။ ဒီ Indicator အားလုံး(၄)ချက်ရှိပါတယ်။ ဒီ(၄)ချက်ကိုလည်း Power Point မှာ တင်ပြအပ်ပါတယ်။ 4.2.1, 4.7.1

ဒါတွေသည် ပြန်လည်စစ်ဆေးနိုင်တဲ့ အညွှန်းကိန်း Indicator တွေဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီဟာကတော့ 4. A ရဲ့ 1f နဲ့ 4. A ရဲ့ 1g မှာ ဒီ Sexual Education သင်ဖို့ ပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။

ထိုနည်းတူစွာပဲ ဒီကျန်းမာရေး Indicator များလည်း တိုင်းတာဖို့လိုကြောင်း ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ကုလသမဂ္ဂရဲ့ထောင်စုရည်မှန်းချက်များ၊ ကျွန်တော်တို့ချမှတ်ထားတဲ့ အမျိုးသားပညာရေးမူဝါဒများ၊ ဆောင်ရွက်နေတဲ့ အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းများနှင့်အညီ ကိုယ်စားလှယ်တော်ကြီးများရဲ့ လမ်းညွှန်ချက်ကို ပေါင်းစပ်ပြီး ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း တင်ပြ ပါတယ်။

အချုပ်အားဖြင့် ဆိုရလျှင် ကျွန်တော်တို့ ဒီအဆိုပြုချက်ဟာ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းအရ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းများလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ ၂၀၀၀-၂၀၀၁ ပညာသင်နှစ်ကစပြီး စတင်တဲ့လုပ်ငန်းများလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီရေးဆွဲထားတဲ့ အခြေခံ ပညာအဆင့် သင်ရိုးညွှန်းတမ်း၊ အညွှန်းဘောင်အတွင်းကနေ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်တွင်လည်းကောင်း၊ ကလေးသူငယ်များ၏အသက်အရွယ်၊ ဉာဏ်ရည်တို့နှင့် လိုက်လျော ညီထွေရှိသော မျိုးဆက်ပွားကျန်းမာရေး၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီအလေ့အထ၊ အလေ့အကျင့်ကောင်း များ ဖြစ်လာစေမယ့် သင်ခန်းစာများကိုသာမက အခြားဆက်စပ်နေတဲ့ ဖွံ့ဖြိုးရေးဘာသာများလည်း ထည့်သွင်းရန် လျာထားပြီးဖြစ်ပါသဖြင့် ဒီအဆိုသည် ဆောင်ရွက်ပြီးကိစ္စဖြစ်သလို ဆောင်ရွက်ဆဲကိစ္စ လည်း ဖြစ်ပါတယ်။ ရှေ့လျှောက်လည်း ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ ရှိပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ နိဂုံးချုပ်အားဖြင့် ပဲခူးတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာတင်တင်ဝင်း ရဲ့ အဆိုဖြစ်သော ထောင်စုနှစ် ရည်မှန်းချက် (၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သော QUALITY EDUCATION အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းများတွင် အထွေထွေဘာသာရပ် အခန်း ၌ “မျိုးဆက်ပွားကျန်းမာရေး” “ပြည်သူ့နီတိ” “ဒီမိုကရေစီ” တို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက် သင်ကြားပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့်အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျွန်တော်တင်ပြခဲ့သလို ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှစ၍ စတင်ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိတွင်လည်း သင်ကြားလျက်ရှိပါ တယ်။ ဒီအမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအရလည်း အသစ်ရေးဆွဲပြဋ္ဌာန်းမည့် အခြေခံပညာ အဆင့် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်များတွင်လည်း ထည့်သွင်းသတ်မှတ် ဆောင်ရွက်နေသောကိစ္စ ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်ကြီး၏အဆိုအား အမျိုးသားလွှတ်တော်မှ မှတ်တမ်းအဖြစ် ထားရှိပေး နိုင်ပါရန် ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားကို တင်ပြပေးပါ။

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ကျွန်မဒီအဆိုကို တင်ကတည်းက ခေတ်ရဲ့လိုအပ်ချက်အရ ဆိုပြီးတော့ ကျွန်မတင်ခဲ့ပါတယ်။ ကျွန်မ အဆိုထဲမှာလည်း

ပါပြီးသားပါ။ ဒါတွေဟာ ၂၀၀၀ မဟုတ်ဘူး။ ၁၉၉၈ ခုနှစ်ကတည်းက သင်နေတယ်ဆိုတာ ကျွန်မသိတယ်။ ဒါပေမယ်လို့ လုံးဝလက်ခံကျင့်သုံးမှုမရှိတဲ့အတွက်ကြောင့်မို့လို့ ထိထိရောက်ရောက်သင်ကြားပေးပါလို့ပဲ အဆို တင်တာပါ။ အဲဒါက ပထမအချက်ပါ။ ဒုတိယအချက်အနေနဲ့ ကျွန်မက ပညာရေး အမျိုးသားအဆင့် ပညာရေးမဟာဗျူဟာစီမံကိန်းထဲမှာ မဟာဗျူဟာမြောက် အပြောင်းအလဲကဏ္ဍ (၉)ခု ပါ ပါတယ်။ အဲဒီမှာ နံပါတ်(၂)က ဘာလဲဆိုလို့ရှိရင် အရည်အသွေးပြည့်ဝပြီးတော့ လူတိုင်းအကျုံးဝင်ရမယ်။ အခု မသင်ဘူးမဟုတ်ဘူး။ သင်တယ်။ ဒါပေမဲ့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ကျွန်မစကားသွားပြောတဲ့အခါမှာ သူတို့က ဘာပြောလဲဆိုရင် စာမေးပွဲဖြေတဲ့ ဘာသာရပ်မဟုတ်တဲ့အတွက်ကြောင့်မို့လို့ ကလေးတွေ စိတ်မဝင်စားပါဘူးတဲ့။ အဲဒီတော့ ကလေးတွေကလည်း မကျင့်သုံးပါဘူးတဲ့။ ပြီးတဲ့အခါကျတော့ ဒီမျိုးဆက်ပွားကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့တဲ့ ဆရာမတွေကလည်း မသင်ရဲပါဘူးတဲ့။ ကျောင်းသား တွေကလည်း နားမထောင်ရဲပါဘူးတဲ့။ အဲဒီတော့ ခုနတုန်းက ဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ အကုန်လုံးက နေပြီးတော့နော်၊ ဒီမျိုးဆက်ပွားကျန်းမာရေးဟာ လိုအပ်တယ်ဆိုတဲ့ဥစ္စာက ပြောတဲ့အခါကျ တော့ ဒီလိုမျိုးပြဋ္ဌာန်းထားပြီးတော့ သင်ဖို့ရှက်တယ်။ နားထောင်ဖို့ရှက်တယ်။ လုပ်ဖို့တော့ မရှက်ဘူး။ အဲဒီလိုမျိုးအခြေအနေမှာ ကျွန်မက လက်ခံကျင့်သုံးအောင်လို့ ပြောတယ်ဆိုတဲ့ အဓိပ္ပာယ်က ပညာ တစ်ရပ်ဟာ လက်ခံပြီးတော့မှ ကျင့်သုံးရမှာပါ။ သီအိုရီနဲ့ Practical ဆိုတာရှိတယ်။ အဲဒီတော့ ဘာကို ပထမဦးဆုံးလက်ခံနိုင်ရမလဲ၊ ဘာကို ပထမဦးဆုံးလက်ခံရမလဲဆိုရင် မွေးကတည်းက သေတဲ့အထိ ကိုယ့်ခန္ဓာကိုယ်ထဲမှာရှိတဲ့နော်၊

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး ကျွန်တော်ပြောတာက ခုန တစ်ဖက်က အဆိုကို မှတ်တမ်း တင်ပေးဖို့ပြောတယ်။ အဆိုကို ကိုယ်စားလှယ်အနေနဲ့ မှတ်တမ်းတင်မှာလား၊ ဒါမှမဟုတ် ဆုံးဖြတ်မှာလား။ အဲဒါလေး တစ်ခုခု ပြောပါ။ အဓိကထားပြီးတော့။

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ဟုတ်ကဲ့။ ဒါတော့ ကျွန်မ မရှည်တော့ပါဘူး။ ကိုယ့်အင်္ဂါထဲမှာရှိတဲ့ ကိုယ့်ခန္ဓာထဲမှာရှိတဲ့ အင်္ဂါရပ်တွေကို သိရှိပြီးတော့ လက်ခံကျင့်သုံးတယ်ဆိုတဲ့ စကားကို လက်မခံနိုင်ဘူးဆိုလို့ရှိရင် ကျွန်မဆိုလိုတာက သီအိုရီနဲ့ Practical ရှိတယ်။ သီအိုရီဟာ လက်ခံကျင့်သုံးရမယ်။ ဒီအင်္ဂါရပ်တွေဟာ ခန္ဓာကိုယ်ထဲမှာ ဘယ်လို Function တွေ လုပ်နေလဲ၊ တစ်နေ့ကျရင် ဘယ်လိုမျိုး ဒုက္ခရောက်နိုင်သလဲဆိုတာ သိမှသာလျှင် ကိုယ့်ကိုကိုယ် ကာကွယ်နိုင်မယ်။ ကိုယ့်ယဉ်ကျေးမှုကို စောင့်ရှောက်နိုင်မယ်။ ကိုယ့်ကျန်းမာရေးကို ပြုလုပ်နိုင်မှာပါ။

အဲဒီတော့ ကျွန်မအနေနဲ့ကတော့ အဆိုကို မှတ်တမ်းမတင်စေလိုပါဘူး။ ဒါပေမဲ့ ကျွန်မဟာ ဒီမိုကရေစီကို လက်ခံကျင့်သုံးနေတဲ့အတွက်ကြောင့်မို့လို့ ဒီမိုကရေစီမှာ Agree and Disagree ဆိုတာ ရှိပါတယ်။ ကျွန်မက လက်မခံချင်ပေမယ့် အကြောင်းကြောင်းကြောင့် လက်ခံရမယ်၊ အကြောင်းကြောင်း ကြောင့် မှတ်တမ်းပဲ တင်ရမယ်ဆိုလို့ရှိရင်လည်း သဘောအတိုင်းပါပဲ။

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူးလေ။ သဘောက အဆိုရှင်ရဲ့ သဘောကိုမေးတာ။ သူများရဲ့၊ ကျွန်တော်တို့ရဲ့ သဘောကို မေးတာမဟုတ်ဘူး။

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ကျွန်မအနေနဲ့ ကတော့ ကျင့်သုံးချင်ပါတယ်။ ဒါပေမဲ့ အခုအကြောင်းကြောင်းကြောင့် မှတ်တမ်းပဲတင်မယ်ဆို --

**ဥက္ကဋ္ဌ။** ။ အဲဒါ ကျွန်တော်ပြောတာ၊ ပွင့်ပွင့်လင်းလင်းပဲပြောလိုက်။ ကျွန်တော်ပြောတာက မဲခွဲဆုံးဖြတ်မယ်ဆိုလည်း ကျွန်တော် မဲခွဲဆုံးဖြတ်ပေးမယ်နော်။ ဒါမှမဟုတ် အဆိုကိုမှတ်တမ်းတင်မှာ ဆိုလည်း တင်ပေးမယ်နော်။

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ အကြောင်း ကြောင်း ကြောင့် ကျွန်မကို မှတ်တမ်းတင်ခိုင်းပါတယ်။ အဲဒါကြောင့် ကျွန်မ မှတ်တမ်းတင်ရပါမယ်။

**ဥက္ကဋ္ဌ။** ။ ဒါက မဟုတ်ဘူးလေ။ အဆိုကို ကိုယ်စားလှယ်ကြီးပြောတာက သိပ်ပြီးတော့ ပြတ်ပြတ်သားသားမရှိဘူး။ ဆိုလိုတာက ပွင့်ပွင့်လင်းလင်းသာပြောလိုက်။ ဒါ ဒီမိုကရေစီပဲ၊ ဟုတ်လား ဒီလိုဆိုတော့ ကျွန်တော်တို့ မဲခွဲဆုံးဖြတ်ပေးပါဆိုလဲ ဥက္ကဋ္ဌအနေနဲ့ မဲခွဲဆုံးဖြတ်ပေးမယ်။ ဒါမှမဟုတ် မှတ်တမ်းတင်ပါဆိုလဲ၊ ပွင့်ပွင့်လင်းလင်းသာပြော။ ကျွန်တော် ဆိုလိုတာက ဟုတ်လား။ မတင်မကျပုံစံနဲ့ မပြောနဲ့။

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ ဒါကို။ မှတ်တမ်းပဲ တင်ပါတော့။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာ တင်တင်ဝင်း တင်သွင်းတဲ့ ထောင်စုနှစ် ရည်မှန်းချက်(၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သော QUALITY EDUCATION အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေဘာသာရပ်အခန်း၌ "မျိုးဆက်ပွား ကျန်းမာရေး" "ပြည်သူ့နီတိ" "ဒီမိုကရေစီ"တို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက် သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အဆိုရှင်ရဲ့ဆန္ဒအရ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက် (အင်္ဂါနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။**　　　　　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၁း၁၈ နာရီအချိန်တွင် ရပ်နားပါသည်။]